# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၃)၊ အမှတ်(၀၃၂)


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Wang Xiaohong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ လူဝင်မှုကြီးကြပ်ရေးနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Wang Xiaohong အား လက်ခံတွေ့ဆုံစဉ်။


ယနေ့ *ဖတ် စ ရာ*

**အကျိုးရှိထိရောက်အောင် ဆောင်ရွက်နိုင်စွမ်းဖြင့် အလုပ်ကို အလုပ်နှင့် သက်သေပြရန်** ဆောင်းပါး စာ ၁၀

**တောင်သမန် ဦးပိန်တံတားပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သုံးရက်အတွင်း ပြီးစီးမည်** ပြည်တွင်းသတင်း စာ ၁၅

**သွားရောက်ဖူးမြော်ကြမည့် တာတိုင်ဘုရားများဆီ** ဆောင်းပါး စာ ၁၆

## အောင်မြင်မှု ဆုတံဆိပ်များနှင့်အတူ

အမျိုးသားရေးစိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှုဟူသည် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းသဖွယ်ဖြစ်ပြီး နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ရှိနေကြသောအရာများလည်း ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများကိုလေ့လာပါက တစ်နိုင်ငံတွင် လူမျိုးတစ်မျိုးတည်းသာ နေထိုင်နေကြခြင်းမဟုတ်ဘဲ ဘာသာစကား၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုစသည်တို့ မတူကွဲပြားသည့်လူမျိုးများ စုပေါင်းနေထိုင်ကြခြင်းဖြစ်သည်ကို တွေ့နိုင်သည်။ အချို့ဘာသာစကားတစ်မျိုးတည်းကိုသာ တစ်နိုင်ငံလုံးတွင် ပြောနေကြစေကာမူ ဒေသတစ်ခုနှင့်တစ်ခု၊ တစ်မြို့နှင့်တစ်မြို့ လေယူလေသိမ်း၊ အသုံးအနှုန်းစသည်တို့တွင် ကွဲပြားခြားနားတတ်ကြပြန်သည်။ ယင်းသို့ နိုင်ငံတစ်နိုင်ငံအတွင်းရှိ လူမျိုးနွယ်အလိုက်၊ ဒေသအလိုက် မတူညီမှု၊ ကွဲပြားခြားနားမှုများကို ညီညွတ်အောင်စုစည်းပေးသောအရာမှာ အမျိုးသားရေးစိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှုပင်ဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှုသည် တစ်ဆက်တစ်စပ်တည်းသော ပထဝီဒေသကြီးတစ်ခုအတွင်း တစ်မြေတည်းအတူနေ၊ တစ်ရေတည်း အတူသောက်ကာ နှစ်ပရိစ္ဆေဒကြာမြင့်စွာ အတူနေထိုင်ကြရာမှ ပေါ်ပေါက်လာသည့် စိတ်ပိုင်းဆိုင်ရာခံစားချက်၊ စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်လည်းဖြစ်သည်။ ယင်းခံစားချက်သည် သာမန်အချိန်ထက် နိုင်ငံတကာနှင့်ယှဉ်သည့်အချိန်တွင် ထင်ရှားစွာပေါ်ပေါက်လာသည်။ အမျိုးသားရေးစိတ်ဓာတ်၏ စွမ်းပကားကို မှန်ကန်စွာအသုံးချခြင်းဖြင့် အရှေ့အာရှနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ကြီးပွားလာခဲ့ကြသည်ကိုလည်း အတုယူနိုင်သည်။ ဆန့်ကျင်ဘက်အနေဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို အစွန်းရောက်အောင်မြှင့်တင်ခြင်းအားဖြင့် လူမျိုးကြီးဝါဒ၊ လူမျိုးရေးမုန်းတီးမှု စသည့်ဆိုးကျိုးများ ရှိနေသည်ကိုလည်း သတိမူကြရန် လိုအပ်သည်။ အမျိုးသားရေးစိတ်ဓာတ်ရှင်သန်နိုးကြားနေစေရန်အတွက် မိမိတို့၏ ဝိသေသလက္ခဏာဖြစ်သော ရိုးရာယဉ်ကျေးမှုကို မပျောက်မပျက်အောင် ဖော်ထုတ်ထိန်းသိမ်းပေးနေရန် လိုအပ်သည်။ အထူးသဖြင့် ဒစ်ဂျစ်တယ်နည်းပညာတိုးတက်ထွန်းကားမှုနှင့်အတူ အနောက်တိုင်းယဉ်ကျေးမှုများ၊ နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုများ၊ သရုပ်ပျက်ယဉ်ကျေးမှုများစသည်တို့ လျှင်လျှင်မြန်မြန်ပြန့်ပွားနေချိန်တွင် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုများကို ဖုံးလွှမ်းပျောက်ကွယ်မသွားစေရန် ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်သည်။

လွန်စွာနက်နဲသိမ်မွေ့ပြီး အဆင့်အတန်းမြင့်မားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်အတူ မျိုးဆက်သစ်လူငယ်မောင်မယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစားလာကြစေရန်၊ မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်လိုသည့် ဇာတိမာန်နှင့် မျိုးချစ်စိတ်များ အစဉ်ထာဝရရှင်သန်နိုးကြားထက်မြက်နေစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပလာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှာ ယခုအခါ (၂၄) ကြိမ်မြောက်အထိ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ယမန်နှစ် (၂၃)ကြိမ်မြောက်တွင် ဗဟိုအဆင့်ပြိုင်ပွဲဝင်အင်အားသည် မျှော်မှန်းထားသည်ထက် ပိုမိုများပြားစွာ (၁၈၃၈) ဦးအထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ယခုနှစ် (၂၄) ကြိမ်မြောက်တွင် ပြိုင်ပွဲဝင် (၂၃၀၆) ဦး ပါဝင်ယှဉ်ပြိုင်လာခြင်းဖြစ်ရာ ယခင်နှစ်ထက် (၄၆၈) ဦး ပိုမိုပါဝင်လာခြင်းဖြစ်သည်။ ဤသည်မှာ ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်ခင်မြတ်နိုးကြသည့် တိုင်းရင်းသားပြည်သူလူထုအတွင်းရှိ သမ္မာရင့်ဝါရင့်ပညာရှင်များနှင့် မျိုးဆက်သစ် အနုပညာရှင်များ၏ စိတ်အားထက်သန်မှုကို ဖော်ပြနေခြင်းပင်ဖြစ်သည်။

ပြိုင်ပွဲကြီးပြီးဆုံးပြီးနောက် ဆုအသီးသီးဆွတ်ခူးကာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့ ပြန်သွားကြမည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး မိမိတို့ဆွတ်ခူးရရှိခဲ့သည့် ဆုတံဆိပ်များနှင့်အတူ အပြန်အလှန်ချစ်ကြည်ခိုင်မြဲသည့် မေတ္တာတရား၊ တစ်သွေးတည်း တစ်သားတည်းသော ပြည်ထောင်စုစိတ်ဓာတ်တို့ကိုပါ သယ်ဆောင်ပါရှိသွားကြမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။ ။



## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန် (Mr. Wang Xiaohong) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၊ မြန်မာ-တရုတ် နှစ်နိုင်ငံလူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် သည် မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန် (Mr. Wang Xiaohong) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Mr. Chen Hai နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ နယ်နိမိတ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် နှစ်နိုင်ငံပြည်သူများ အဆင်ပြေအေးချမ်းစွာဖြင့် အပြန်အလှန် ကူးလူးဆက်သွယ်သွားလာနေထိုင်လုပ်ကိုင်နိုင်ရေးအတွက် နှစ်နိုင်ငံလူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တရုတ်- မြန်မာနယ်စပ်ဂိတ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အဆင့်အစည်းအဝေးများ နှစ်စဉ်အပြန်အလှန်ကျင်းပ၍ လုပ်ငန်းများနီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ယင်းအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များအပေါ် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ၏ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံအနေဖြင့် နည်းပညာနှင့် လိုအပ်ချက်များ မျှဝေပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာ-တရုတ်-ထိုင်း-လာအို လေးနိုင်ငံပူးပေါင်း၍ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ တရားမဝင် ဝင်/ထွက်မှုမရှိစေရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူကုန်ကူးမှုနှင့် Online ဂိမ်းလောင်းကစားမှုများ မရှိစေရေးတို့အတွက် ထိရောက်စွာအတူလက်တွဲဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်တွင် လက်ရှိဖြစ်ပွားနေသည့် အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် အမြန်ဆုံးတည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး ၊ မြန်မာ-တရုတ် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးအတွက် နှစ်နိုင်ငံအရေးကိစ္စများအား လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၃၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြား ရထားလမ်းအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး”** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မစားရသည့် အမဲ သဲနှင့်ပက်ကြသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မေဃရှေ့ဆောင်ငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)က စုဆောင်းငွေပေါ် အတိုးထုတ်ပေး

**မာန်အောင် အောက်တိုဘာ ၃၁**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မေဃရှေ့ဆောင်ငွေစုငွေချေးသမဝါယမအသင်း (လီမိတက်)မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ်အတွက် စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေးခြင်းကို အသင်းတည်ရှိရာ မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်း၌ ကျင်းပခဲ့ပြီး အသင်းသား ၆၇၂ ဦး၏ ပထမ ခြောက်လပတ် (၃၀-၉-၂၀၂၃) ရက်အထိ စုဆောင်းငွေပေါ် အတိုးငွေကျပ် ၂၃၄ ဒသမ ၇၀၂ သိန်းကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Wang Xiaohong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ❖ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံမှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသတွင် MNDAA သောင်းကျန်းသူများက နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ လုံခြုံရေးစခန်းများအား တိုက်ခိုက်မှုများ ဆောင်ရွက်လာသည့် အခြေအနေများ၊ လောက်ကိုင်ဒေသတွင် ကိုယ်ကျိုးစီးပွားအတွက် အွန်လိုင်းလောင်းကစားများ၊ ဆက်သွယ်ရေး လိမ်လည်မှုများ၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများ ဆောင်ရွက်နေမှုများအား နှစ်နိုင်ငံပူးပေါင်း၍ ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည့် အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

❖ *ရွှေဖုံးမှ*

ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Chen Hai နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**တိုးတက်ကောင်းမွန်လျက်ရှိ**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံမှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသတွင် MNDAA သောင်းကျန်းသူများက နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ လုံခြုံရေးစခန်းများအား တိုက်ခိုက်မှုများ ဆောင်ရွက်လာသည့် အခြေအနေများ၊ လောက်ကိုင်ဒေသတွင် ကိုယ်ကျိုးစီးပွားအတွက် အွန်လိုင်း လောင်းကစားများ၊ ဆက်သွယ်ရေး လိမ်လည်မှုများ၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများ ဆောင်ရွက်နေမှုများအား နှစ်နိုင်ငံပူးပေါင်း၍ ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာ့နိုင်ငံရေးအပါအဝင် အခြားကမ္ဘာ့နိုင်ငံအရေးများ၌ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုမှ ဝင်ရောက်စွက်ဖက်၍ ၎င်းတို့နိုင်ငံ၏ အကျိုးအတွက်သာကြည့်ပြီး အခြားနိုင်ငံများအပေါ် Double Standard ဖြင့် ခြယ်လှယ်ဆောင်ရွက်နေသည့် အခြေအနေများ။

**ဆွေးနွေး**

ရှမ်းပြည်နယ် မြောက်ပိုင်းဒေသသည် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီးချိန်ကတည်းက တိုင်းရင်းသားအဖွဲ့များ အချင်းချင်း အားပြိုင်မှုများဖြစ်ပေါ်ကာ တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခများဖြစ်ပေါ်ခဲ့မှု၊ အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် အဆိုပါဒေသအတွင်း မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ ကိုးကန့်ဒေသအတွင်း “ဖုန်” / “ရန်”အဖွဲ့တို့ အရေးအခင်း ဖြစ်ပွားခဲ့မှု၊ “ပယ်” အဖွဲ့အား တာဝန်ပေးအပ်ခဲ့မှု၊ အာဏာရလိုမှု၊ လက်နက်ခဲယမ်းများ ထုတ်လုပ်နေမှု၊ လက်နက်ခဲယမ်းများ ဝင်ရောက်မှုများကြောင့် ဒေသတွင်းနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်စီးစေလျက်ရှိမှု၊ နယ်စပ်ဒေသတွင် တရားမဝင် အွန်လိုင်း လောင်းကစားမှုများနှင့် ဆက်သွယ်ရေး လိမ်လည်မှုများ ဖြစ်ပေါ်လျက်ရှိမှုတို့ကို ထိထိရောက်ရောက် တင်းတင်းကျပ်ကျပ် အရင်းအမြစ်မှစ၍ နှိမ်နင်းဖော်ထုတ် ဆောင်ရွက်သွားမည့် အခြေအနေများ၊ အဆိုပါ ဒေသအတွင်းရှိ ဥပဒေနှင့် ညီညွတ်မှုမရှိသည့် လုပ်ငန်းများကို စိစစ်ဖော်ထုတ်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံပူးတွဲ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေး အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Wang Xiaohong အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၃၁

**(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-II) ညီလာခံခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက် အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးမှ ယဉ်ကျေးမှုအကအဖွဲ့ကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကချင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာအကအဖွဲ့ကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မူလထားရှိသည့် ရည်မှန်းချက်အတိုင်း ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ပြည့်ပြည့်စုံစုံဖြင့် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ခြင်းဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား သွေးစည်းချစ်ကြည်မှု ပိုမိုရရှိအောင် ကြိုးစားနိုင်ကြပါစေကြောင်းနှင့် ရရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်ကို မြင့်မားအောင် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်း။

အလွန်နက်နဲ သိမ်မွေ့ပြီး အဆင့်အတန်း မြင့်မားလှသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်အတူ မျိုးဆက်သစ်လူငယ်မောင်မယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစားလာကြစေရန်၊ မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် မြှင့်တင်လိုသည့်

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့က ရှမ်းရိုးရာအကဖြင့် စုပေါင်းကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၄ မှ*

ဇာတိမာန်နှင့် မျိုးချစ်စိတ်များ အစဉ်ထာဝရ ရှင်သန်နိုးကြား ထက်မြက်နေစေရန် စသည့် ရည်ရွယ်ချက်များနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ၁၉၉၃ ခုနှစ်မှစတင်ပြီး ၂၀၁၆ ခုနှစ်အထိ (၂၂)ကြိမ်တိုင် ကျင်းပခဲ့ပါကြောင်း။

**မင်္ဂလာရှိစွာကျင်းပနိုင်ခဲ့**

ထို့နောက် ငါးနှစ်ကျော်ကာလ ရပ်တန့်ခဲ့ရသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် ၂၀၂၂ ခုနှစ်တွင် (၂၃)ကြိမ်မြောက် ပြိုင်ပွဲကြီးအဖြစ် ပြန်လည်စတင် ကျင်းပခဲ့ပါကြောင်း၊ ယခုနှစ်ဆိုပါက ဒုတိယမြောက်အနေဖြင့် (၂၄)ကြိမ်အဖြစ် အောင်မြင်စွာကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုလို ကောင်းမြတ်သည့် အချိန်အခါသမယတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မင်္ဂလာရှိစွာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

၂၀၂၂ ခုနှစ်တွင် (၂၃) ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပရာ၌ ဗဟိုအဆင့် ပြိုင်ပွဲဝင်အင်အားသည် ကြိုတင်မျှော်မှန်းထားသည်ထက် ပိုမိုပြီး ယှဉ်ပြိုင်နိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ အဆိုပါကာလသည် ကိုဗစ်-၁၉ ရောဂါ၏ အငွေ့အသက်များ ကျန်ရှိနေဆဲအချိန်အခါဖြစ်သော်လည်း မူလမျှော်မှန်းထားသည်ထက် ပိုမိုသာလွန်သည့် ပြိုင်ပွဲဝင်အင်အားများနှင့် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါ အချက်ကို လေ့လာ ထောက်ရှုခြင်းအားဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အကြောင်းကြောင်းကြောင့် ရပ်နားထားခဲ့ရသော်လည်း ယခုပြိုင်ပွဲကြီးကို အလေးထားမျှော်လင့်ကြသည့် သမ္မာရင့်ဝါရင့်ပညာရှင်ကြီးများနှင့် မျိုးဆက်သစ်အနုပညာရှင် မြောက်မြားစွာရှိနေကြသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် (၂၃)ကြိမ်မြောက်အဖြစ် ကျင်းပပြီးစီးသွားခဲ့သည့် ပြိုင်ပွဲကြီးတွင် ဗဟိုအဆင့်ပြိုင်ပွဲဝင် အင်အားသည် ၁၈၃၈ ဦး ရှိခဲ့ပါကြောင်း၊ ယခုနှစ် (၂၄) ကြိမ်မြောက် ဗဟိုအဆင့်တွင် ပြိုင်ပွဲဝင်အင်အား ၂၃၀၆ ဦးရှိသည့်အတွက်

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇာတ်တော်ကြီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု မဟော်သဓာဇာတ်တော်ကြီးအဖွဲ့ကို ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

**“ယနေ့ အချိန်အခါတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် အနာဂတ် နိုင်ငံတော်အတွက် တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသား အချင်းချင်း ချစ်ကြည်သွေးစည်းမှု၊ နိုင်ငံသားများ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ နိုင်ငံတော်၏ သားကောင်းရတနာ၊ သမီးကောင်းရတနာ မျိုးဆက်သစ်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိ”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့အလိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရုပ်စုံအဆင့်မြင့်သဘင်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ် မဟာဂီတအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (၁၅-၂၀)အဆင့်တွင် ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၅ မှ

ယခင်နှစ်ကထက် ၄၆၈ ဦး ပိုမိုပါဝင်လာသည်ကို တွေ့ရသဖြင့် ဝမ်းသာအားရဖြစ်မိပါကြောင်း။

**ဝင်ရောက်ယှဉ်ပြိုင်**

ပြိုင်ပွဲဝင် ဘာသာရပ်များအနေဖြင့် အဆိုပြိုင်ပွဲတွင် အမျိုးအစား(၃)မျိုး၊ အကပြိုင်ပွဲတွင် အမျိုးအစား(၈)မျိုး၊ အရေးပြိုင်ပွဲတွင် အမျိုးအစား (၄)မျိုး၊ အတီးပြိုင်ပွဲတွင် အမျိုးအစား(၁၃)မျိုး၊ စုစုပေါင်းပြိုင်ပွဲအမျိုးအစား(၂၈)မျိုးကို ကျင်းပပေးခဲ့ပါကြောင်း၊ အဆိုပါ ပြိုင်ပွဲများတွင် ဝါသနာရှင် (ပထမတန်း) အဆင့်၊ ဝါသနာရှင် (ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်၊ အခြေခံပညာ (အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) အဆင့်ဆိုပြီး အဆင့် (၅) ဆင့် သတ်မှတ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပါကြောင်း။

ပြီးခဲ့သည့်နှစ်က ရွှေတံဆိပ်ဆွတ်ခူးရရှိသူ ၁၈၁ ဦး၊ ငွေတံဆိပ်ဆွတ်ခူးရရှိသူ ၁၄၃ ဦး၊ ကြေးတံဆိပ်ဆွတ်ခူးရရှိသူ ၁၂၁ ဦး၊ နှစ်သိမ့်ဆုရရှိသူ ၅၆ ဦးနှင့် အထူးဆု ရရှိသူ နှစ်ဦး စုစုပေါင်း ၅၀၃ဦး ရှိခဲ့ပါကြောင်း၊ ယခုနှစ်ပြိုင်ပွဲတွင် ဆုအရေအတွက်သည် ရွှေတံဆိပ် ၁၇၁ ဦး၊ ငွေတံဆိပ် ၁၅၆ ဦး၊ ကြေးတံဆိပ် ၁၅၆ ဦးနှင့် နှစ်သိမ့်ဆုနှင့် အထူးဆုများချီးမြှင့်ပေးမည်ဖြစ်သည့်အတွက် ယမန်နှစ်ကထက် ဆုအရေအတွက် ပိုမိုချီးမြှင့်ပေးသွားမည် ဖြစ်ပါကြောင်း။

**ပြုစုပျိုးထောင်ပေးလျက်ရှိ**

ယနေ့ အချိန်အခါတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် အနာဂတ် နိုင်ငံတော်အတွက် တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်သွေးစည်းမှု၊ နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြားတစ်ဖက်မှလည်း နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးကြမည့် လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏ သားကောင်းရတနာ၊ သမီးကောင်းရတနာ မျိုးဆက်သစ်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း။

ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန်နှင့် ပြည့်စုံနေရန်အတွက် ပြုစုပျိုးထောင်ရာတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အခြေခံသည့် အနုသုခုမ ပညာရပ်များသည် အခြေခံကျသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို ထပ်ဆင့်ပြောကြားလိုပါကြောင်း။

ထို့ပြင် မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ထွန်းကား ပြန့်ပွားလာသည်နှင့်အမျှ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများတွင် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများ မြင့်မားလာမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

**တိုက်တွန်းပြောကြား**

ယခုကဲ့သို့ ကိုယ်စီရရှိခဲ့ကြသည့် အောင်မြင်မှုများ၊ အပြန်အလှန် ချစ်ကြည်ခိုင်မြဲသည့် မေတ္တာတရားများကို အခြေခံပြီး မိမိတို့၏ နေရပ်ဒေသများကို ပြန်လည်ရောက်ရှိကြသည့်အခါ မိမိတို့ဒေသအကျိုး၊ နိုင်ငံတော်အကျိုး၊ နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးကို ကျရာအခန်းကဏ္ဍများမှနေပြီး ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးနိုင်ကြပါစေကြောင်း၊ စည်းလုံးညီညွတ်စွာဖြင့် သာယာလှပသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ကြ ပါစေကြောင်း တိုက်တွန်းပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာအကအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရှမ်းတိုင်းရင်းသားရိုးရာ အကအဖွဲ့က ရှမ်းရိုးရာအကဖြင့် စုပေါင်းကပြဖျော်ဖြေတင်ဆက်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက မဟာဂီတအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် ပထမတန်းနှင့် ဒုတိယတန်း (အမျိုးသမီး) ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၏ ဇနီးနှင့် ကောင်စီဝင်တို့၏ ဇနီးတို့က မဟာဂီတအဆိုပြိုင်ပွဲ အဆင့်မြင့် ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) (အမျိုးသမီး) ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက မဟာဂီတအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း)(အမျိုးသား) ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း)(အမျိုးသား) ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၇ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး မဟာဂီတ အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲ၌ ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး မဟာဂီတ အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပြိုင်ပွဲ၌ ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော မဟာဂီတ အဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅နှစ်မှ ၂၀နှစ်အတွင်း) ပြိုင်ပွဲ၌ ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် မဟာဂီတ အဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅နှစ်မှ ၂၀နှစ်အတွင်း) ပြိုင်ပွဲ၌ ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

*စာမျက်နှာ ၆ မှ*

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ကောင်စီဝင်များ၏ ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များက ခေတ်ဟောင်း / ကာလပေါ် အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း)(အမျိုးသမီး) ပြိုင်ပွဲ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်းအဆို ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် ခေတ်ဟောင်း/ ကာလပေါ် အဆိုပြိုင်ပွဲအခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသမီး) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မခင်ရတနာမိုးမြင့်က "ရွာသာယာ" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးများက အကပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ပံ့ပိုးဆိုင်း ဆုရရှိသူများကိုလည်းကောင်း၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲ၊ ကဗျာလွတ်ပြိုင်ပွဲ၊ ရှမ်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ပံ့ပိုးဆိုင်းဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အကပြိုင်ပွဲ၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသည့် ကရင်ပြည်နယ်ကိုယ်စားပြု မမေစနိုးက ကပြဖျော်ဖြေသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက အရေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**သီဆိုဖျော်ဖြေ**

ယင်းနောက် အရေးပြိုင်ပွဲ၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု မဟန်စုစုစံက "ဝါကျွတ်ခါမီ တူရာသီ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက စောင်းအတီးပြိုင်ပွဲ၊ စန္ဒရားအတီးပြိုင်ပွဲ၊ ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ၊ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ယဉ်ကျေးမှုအကအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများက ဒိုးပတ်အတီးပြိုင်ပွဲ၊ အိုးစည်အတီးပြိုင်ပွဲ၊ တယောအတီးပြိုင်ပွဲ၊ နှဲပြိုင်ပွဲ၊ ပလွေပြိုင်ပွဲ၊ မယ်ဒလင်အတီးပြိုင်ပွဲ၊ ပတ္တလားအတီးပြိုင်ပွဲ၊ ဂီတာအတီးပြိုင်ပွဲနှင့် ဒုံမင်းအတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စောင်းအတီးပြိုင်ပွဲအခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မရှင်းသဒ္ဒါထက်အောင်က တီးခတ်ဖျော်ဖြေသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသက်အကြီးဆုံး၊ အသက်အငယ်ဆုံးနှင့် မသန်စွမ်းပြိုင်ပွဲဝင် ရှစ်ဦးကို အထူးဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် အဖွဲ့များနှင့် ကြိုးဆွဲအဖွဲ့ထူးချွန်ဆု၊ ဆိုင်ပြော အဖွဲ့ထူးချွန်ဆု၊ ဇာတ်ပို့ဆိုင်းအဖွဲ့ ထူးချွန်ဆုနှင့် ဇာတ်ညွှန်းဆု ရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟော်သဓာ ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် အဖွဲ့နှင့် ဇာတ်သရုပ်ဆောင် ထူးချွန်ဆုရရှိသည့် မဟော်သဓာမင်းသားဆု၊ အမရာမင်းသမီးဆု၊ ကေဝဋ္ဋပုဏ္ဏားဆု၊ နှစ်ပါးသွားဆု၊ ဇာတ်ညွှန်းဆု၊ ပံ့ပိုးဆိုင်းဆုနှင့် ဒါရိုက်တာဆု ရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက ၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိမှုများမှာ ရန်ကုန်တိုင်းဒေသကြီးမှ ၁၄၃ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၈၁ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၅၆ ဆု၊ ကရင်ပြည်နယ်မှ ၃၁ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၂ ဆု၊ ပဲခူးတိုင်းဒေသကြီးမှ ၄၀ ဆု၊ မွန်ပြည်နယ်မှ ၃၂ ဆု၊ ရခိုင်ပြည်နယ်မှ ၁၇ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၉ ဆု၊ ကချင်ပြည်နယ်မှ ၁၉ ဆု၊ ကယားပြည်နယ်မှ ၁၆ ဆု၊ ရှမ်းပြည်နယ်မှ ၁၅ ဆု၊ ချင်းပြည်နယ်မှ ၁၄ ဆုနှင့် မကွေးတိုင်းဒေသကြီးမှ ၁၆ ဆု ရရှိခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲ၌ ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ပြိုင်ပွဲ၌ ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ အခြေခံပညာအဆင့်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မခင်ရတနာမိုးမြင့် "ရွာသာယာ" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်စဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် အောက်တိုဘာ ၃၁

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လွိုင်ကော်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ လွိုင်လင်မြို့တွင် ၁ ဒသမ ၈၁ လက်မ၊ နမ့်စန်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မိုင်းဆတ်မြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၆၉ လက်မစီ၊ ဖြူးမြို့တွင် ၁ ဒသမ ၅၈ လက်မ၊ လေးမျက်နှာမြို့တွင် ၁ ဒသမ ၄၀ လက်မ၊ တပ်ကုန်းမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ကျုံပျော်မြို့တွင် ၁ ဒသမ ၂၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဝါးခယ်မမြို့ မြို့မဈေး၌ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

**ဝါးခယ်မ အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မြို့မဈေးကြီး၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးတိုးနိုင်ဦးက မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးကို အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ဆီမီးလောင်မှု ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်း၊ မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။

အဆိုပါ မီးငြိမ်းသတ်နည်း သရုပ်ပြ လေ့ကျင့်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ မြို့မဈေး ကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများအား လက်တွေ့သရုပ်ပြသ လေ့ကျင့်ခဲ့ကြောင်း သိရသည်။



**ဟိန်းထက်လင်း**

**(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

## မိမိယဉ်ကျေးမှု၊ မိမိဓလေ့ထုံးစံမှသည် မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ နိုင်ငံသားများအပေါ် ချစ်ခင်မြတ်နိုးစိတ်များကို လက်ဆင့်ကမ်းသယ်ဆောင်သွားကြရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၁**

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC-II) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၂၄ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ရည်ရွယ်ချက်၊ ဦးတည်ချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားကို တက်ရောက်လာကြသူအားလုံးက ကျရာတာဝန်ကို စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် စုပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အတွက် ပြိုင်ပွဲကြီး အောင်မြင်စွာပြီးဆုံးခြင်းနှင့်အတူ ယခု ဂုဏ်ပြုညစာစားပွဲကို ကျင်းပဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ပါကြောင်း။

**ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများပိုင်ဆိုင်ထား**

မိမိတို့ တိုင်းပြည်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရိုးရာဓလေ့ထုံးစံနှင့် အနုသုခုမအပါအဝင် ယဉ်ကျေးမှု အမွေအနှစ်များ ပေါများကြွယ်ဝလှပါကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်စဉ်အရ ဒီမြေ၊ ဒီရေပေါ်တွင် လူသားမျိုးနွယ် စတင်ခဲ့ခြင်းနှင့်အတူ ရေမြေဒေသသဘာဝကိုလိုက်ပြီး မတူခြားနားသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရုပ်ကြွင်းအထောက်အထားများ၊ လက်မှုအဆင်တန်ဆာများ၊ အဝတ်အထည်များ၊ အနုသုခုမဆိုင်ရာ အဆိုအကများ၊ တီးခတ်မှုနှင့် သက်ဆိုင်သည့် တူရိယာပစ္စည်းမျိုးစုံသည် ဆင့်ကဲဖြစ်စဉ်များနှင့်အတူ ဖြစ်ထွန်းတည်ရှိနေခဲ့ပြီး ဖြစ်ပါကြောင်း၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်း များကိုလည်း ပိုင်ဆိုင်ထားကြပြီး ဖြစ်ပါကြောင်း။

သုခုမအနုပညာတွင် တူရိယာပစ္စည်းများ မည်သို့ပင်ကွဲပြားခြားနားသော်လည်း "ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်" ဆိုသည့် မြန်မာတို့၏ တူရိယာငါးပါး အခြေခံမှာပင် တစ်စုတစ်စည်းတည်း ပါဝင်လျက်ရှိကြပါကြောင်း။

အကနှင့်ပတ်သက်ပြီး ကချင်မနောအက၊ ကယားတံခွန်တိုင်အက၊ ကရင်ဒုံးယိမ်းအက၊ ချင်းဝါးညှပ်အက၊ ဗမာအိုးစည်ဒိုးပတ်အက၊ မွန်ဟင်္သာမောင်နှံအက၊ ရခိုင်သျှုင်ဒိုင်အက၊ ရှမ်းကိန္နရီကိန္နရာအက အစရှိသဖြင့် ကွဲပြားခြားနားသယောင် ရှိကြသော်လည်း "စည်းနှင့်ဝါး" ကို အခြေခံသည့် "ခေါင်း၊ ခါး၊ ခြေ၊ လက်" အစရှိသော ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှုပ်ရှားကပြခြင်းဆိုသည့် မြန်မာနိုင်ငံသား အားလုံးတို့၏ အကအခြေခံ အတွင်းမှာပင် ဆင့်ပွားတည်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်ဆိုသည်မှာ မြန်မာတစ်မျိုးသားလုံး ပိုင်ဆိုင်သည့် အဖိုးတန်ရတနာ ဘိုးဘွားအမွေအနှစ်၊ ဘိုးဘွားအမွေအစစ်များပင် ဖြစ်ပါကြောင်း။

အဆိုပါအဖိုးတန်ရတနာများကို သမိုင်းကြောင်းရှည်လျားစွာ တည်ရှိခဲ့သည့် အမျိုးသားရေး သွင်ပြင်လက္ခဏာအဖြစ် နိုင်ငံသားတိုင်းက ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်ကြပါကြောင်း၊ ထိုနည်းတူစွာ တိုင်းရင်းသားအချင်းချင်း သွေးစည်းချစ်ကြည်ရာတွင်လည်း ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**အနုသုခုမပညာ မြင့်မားရေး အားကြိုးမာန်တက်ယှဉ်ပြိုင်**

ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝင်ရသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်ကြောင်း၊ ရုပ်ရှင်၊ ဗီဒီယို၊ အသံသွင်း စသည်တို့သည် မကြိုက်မချင်း ပြန်လည်ဆောင်ရွက်၍ရသော်လည်း ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲသည် အရုပ်၊ အသံ လှုပ်ရှားမှုကို တိုက်ရိုက်ပြသဆောင်ရွက်ရခြင်းဖြစ်သဖြင့် လုံးဝအမှားမခံပါကြောင်း၊ မှားယွင်းသည်နှင့် ဆုတံဆိပ်ရရှိရန် အခက်အခဲရှိသွားနိုင်သဖြင့် ပိုမိုလေးနက်မှုရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲဝင်အားလုံးကို အနုသုခုမပညာ မြင့်မားရေး အားကြိုးမာန်တက် ယှဉ်ပြိုင်မှုများအတွက် အထူးပင် အသိအမှတ်ပြုပါကြောင်း။

ယနေ့အချိန် ကာလတွင် နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အနောက်နိုင်ငံများ အပါအဝင် တိုင်းတစ်ပါးယဉ်ကျေးမှုများသည် မိမိတို့နိုင်ငံငယ်များအပေါ် ထိုးဖောက်ဝင်ရောက်လာနေပါကြောင်း၊ မိမိတို့ နိုင်ငံသူ

*စာမျက်နှာ ၉ သို့*




ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ ဖျော်ဖြေကြစဉ်။

*စာမျက်နှာ ၈ မှ*

နိုင်ငံသားများ၊ လူငယ်များအနေဖြင့် အဆိုပါတိုင်းတစ်ပါးယဉ်ကျေးမှုများအပေါ်တွင် နှစ်သက်မြတ်နိုးပြီး မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများကို အလေးမထားဘဲ ပစ်ပယ်လာကြမည်ဆိုပါက အမျိုးသားရေးစိတ်ဓာတ် လျော့ပါးလာစေနိုင်မည် ဖြစ်ပါကြောင်း၊ အဆိုပါအန္တရာယ် ဖြစ်မလာစေရန် တာဝန်ရှိသူများက ဘက်ပေါင်းစုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လည်း အလေးအနက်ထား မှာကြားလိုပါကြောင်း။

**အလေးအနက်ထား**

သမ္မာရင့်၊ ဝါရင့်ပညာရှင်ကြီးများအပြင် မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် ယခုပြိုင်ပွဲကြီးမှရရှိသည့် အောင်မြင်မှုများနှင့်အတူ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အတူတကွ ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်းချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေး၊ မိမိယဉ်ကျေးမှု မိမိဓလေ့ထုံးစံမှသည် မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ နိုင်ငံသားများအပေါ် ချစ်ခင်မြတ်နိုးစိတ်များကို လက်ဆင့်ကမ်းသယ်ဆောင်သွားကြရေးအတွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်ကိန်း အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်ပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါဟု အလေးအနက်ထား ပန်ကြားလိုကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ် လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်ကိန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများနှင့် အခမ်းအနားမှူးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင် မြင်းမူမောင်နိုင်မိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များ အကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေး စိတ်ဓာတ်များ ပိုမိုထွန်းကား ပြန့်ပွားနေစေရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အင်အား ၂၃၀၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘဏ်နှင့်မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ အသုံးပြု၍ ငွေကြေးလိမ်လည်မှုဆိုင်ရာ ကိစ္စရပ်များအား ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အများပြည်သူသို့ အသိပညာပေးရေးဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ၏ ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ အသုံးပြု၍ ငွေကြေးလိမ်လည်မှုဆိုင်ရာ ကိစ္စရပ်များအား ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အများပြည်သူသို့ အသိပညာပေးရေးဆောင်ရွက်မည့် အစီအစဉ်များနှင့် ငွေကြေးလိမ်လည်မှုများကို အချိန်မီတားဆီးနိုင်ရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Action Task Force) ဖွဲ့စည်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ မိုဘိုင်းငွေရေးကြေးရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မှုခင်းရဲတပ်ဖွဲ့၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ငွေကြေးဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့ (FIU)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများနှင့် စပ်လျဉ်း၍ တားဆီးကာကွယ်ရန် သတင်းအချက်အလက်ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Standard Operation Procedure-SOP) အပေါ် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ အနေဖြင့် အကောင်အထည်ဖော် လိုက်နာဆောင်ရွက်နိုင်ရေး၊ ငွေကြေးလိမ်လည်မှုများ အချိန်မီ တားဆီးနိုင်ရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် ငွေကြေးလိမ်လည်မှုဆိုင်ရာ အသိပညာပေး အစီအစဉ်များနှင့်စပ်လျဉ်း၍ မှာကြားသည်။





ထို့နောက် အစည်းအဝေးတက်ရောက်သူများက ငွေကြေးလိမ်လည်မှုများ အချိန်မီတားဆီးနိုင်ရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Action Task Force) ဖွဲ့စည်းရေးနှင့် အဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ငွေကြေးလိမ်လည်မှုနှင့်စပ်လျဉ်း၍ အများပြည်သူ အလွယ်တကူသိရှိနိုင်စေရန် မိုဘိုင်းပေး Website များတွင် အသိပေးဖော်ပြထားမှုများ၊ Social Media အသုံးပြု၍ အသိပညာပေး အစီအစဉ်ဆောင်ရွက်နေမှုများ၊ ငွေကြေးလိမ်လည်မှုဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မိုဘိုင်းပေးချေမှုဆိုင်ရာ အသုံးပြုသူများ အလွှာအသီးသီးမှ ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ငွေကြေးလိမ်လည်မှုများ တားဆီးအရေးယူမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ (Action Task Force) အနေဖြင့် ငွေကြေးလိမ်လည်မှုဖြစ်သည်နှင့်တစ်ပြိုင်တည်း ချက်ချင်းထိရောက်စွာ တားဆီးဖော်ထုတ် အရေးယူဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ အသိပညာပေးမှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်သူလူထုတစ်ရပ်လုံး သိရှိနိုင်စေရန် ငွေကြေးလိမ်လည်မှုများကို ဖြစ်စဉ်တစ်ခုချင်းစီအလိုက် နမူနာထားပြီး ဝန်ဆောင်မှုပေးသူများ အစုအဖွဲ့၊ အသုံးပြုသူများ အစုအဖွဲ့၊ ဥပဒေစည်းမျဉ်းထိန်းကျောင်းသူများ အစုအဖွဲ့များက ရှင်းလင်းလွယ်ကူစွာ အသိပေးရန်လိုအပ်ကြောင်း ဆွေးနွေးအကြံပြုခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲတွင် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန၏ Onsite Team များမှ အရာထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ဘဏ်လုပ်ငန်း ကြီးကြပ်စစ်ဆေးရေးဌာနရှိ အရာထမ်း/အမှုထမ်းများအနေဖြင့် ဗဟိုဘဏ်ဥပဒေနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ၊ ညွှန်ကြားချက်များ၊ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ်ရန်လိုကြောင်း၊ Onsite Examination Manual ပါ Risk-based Supervision နည်းလမ်းများ၊ Offsite မှရရှိသည့် သတင်းအချက်အလက်များနှင့် ပြင်ပစာရင်းစစ်အစီရင်ခံစာများအရ စစ်ဆေးပြီး စစ်ဆေးထားသည့် အစီရင်ခံစာများက ကြန့်ကြာမှုမရှိစေဘဲ သက်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်းများကို ဖြန့်ဝေအသိပေးသွားရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က Onsite Team ဖွဲ့စည်းထားမှု အခြေအနေ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများအား Onsite စစ်ဆေးပြီးသည့် အခြေအနေ၊ ဆက်လက်စစ်ဆေးမည့် Onsite Examination Plan များကို တင်ပြဆွေးနွေးခဲ့ပြီး ညွှန်ကြားရေးမှူးများက ၎င်းတို့စစ်ဆေးပြီးသည့် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ဆက်လက်စစ်ဆေးမည့် ငွေရေးကြေးရေး အဖွဲ့အစည်းဆိုင်ရာများကိုတင်ပြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကျိုးရှိထိရောက်အောင် ဆောင်ရွက်နိုင်စွမ်းဖြင့် အလုပ်ကို အလုပ်နှင့် သက်သေပြရန်

မိုးကေနိုင်

**"ပြည်သူလူထု၏ အကျိုးကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်ပြခြင်းဖြင့် အလုပ်ဖြင့် သက်သေပြကြရန် တိုက်တွန်းလိုကြောင်း"** ဟူသည့် မှာကြားချက်တစ်ခုကို ကြားသိခဲ့ရသည်။ စက်တင်ဘာလ ၂၉ ရက်နေ့ကကျင်းပခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၃) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုအစည်းအဝေးမှ နိုင်ငံတော်အကြီးအကဲ၏ မှာကြားချက်များတွင် အားနည်းချက်၊ အားသာချက်များကို ထောက်ပြခြင်းများ ပါဝင်ခဲ့သည်။ အထူးသဖြင့် အကန့်အသတ်ဖြင့် ရှိနေသည့် သွင်းအားစုနှင့် အရင်းအမြစ် အခြေအနေ၊ နိုင်ငံတကာ ကူညီထောက်ပံ့မှုများ အားနည်းနေမှု၊ အခွင့်အလမ်းဟူ၍ နည်းပါးချိန် အကျပ်အတည်းမျိုးစုံအောက်မှာ တည်ငြိမ်အေးချမ်းမှုကို ဦးစားပေးနေသည့် အနေအထား၊ ရပ်တန့်မှုများ၊ ပိတ်ဆို့မှုများ၊ အနှောင့်အယှက်၊ အဟန့်အတားများအောက်မှာ အထွေထွေလိုအပ်ချက်များစွာနှင့် ပြည့်နေသည့်ကာလတစ်ခုကို... ဘယ်လိုရင်ဆိုင်ရန်းကန်နေရပါသလဲ၊ ဘယ်လိုတည်ဆောက်နေရပါသလဲ၊ ဒီကြားထဲမှာ တစ်ခုမှ ပစ်ပယ်ထားလို့မရသော ဖွံ့ဖြိုးမှုကဏ္ဍစုံကို ဟန်ချက်ညီညီ ဘယ်လိုတိုးတက်အောင် ဆောင်ရွက်နေရပါသလဲ၊ အားနည်းချက်များကို သင်ခန်းစာယူ၊ ပြုပြင်ပြင်ဆင်ပြီး အားသာချက်ကိုဖန်တီး၊ အခွင့်အလမ်းမှန်သမျှရသလောက် အသုံးချ၍ တိုးတက်အောင် ဆောင်ရွက်နေရပုံများကို နိုင်ငံအကြီးအကဲ၏ မှာကြားချက်များနှင့် ထင်ဟပ်ပြီး စဉ်းစားမိသည်၊ လေ့လာအတုယူစရာများလည်း ရရှိလာနိုင်မည်ဟု ယူဆမိပါသည်။

**စိတ်ဓာတ်အင်အားအရင်းအမြစ်ကို အကောင်းဆုံးအသုံးချခြင်း**

အခြေအနေအရ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ခြေထောက်ပေါ်တွင် ရပ်တည်၍ ဆောင်ရွက်ရမည့်အခြေအနေတွင် အရင်းအမြစ်များအပေါ် စနစ်တကျ စီမံခန့်ခွဲနိုင်စွမ်းအား ကျွမ်းကျင်မှု၊ အတွေ့အကြုံများနှင့်အတူ တာဝန်ယူ၊ တာဝန်ခံမှု၏ အရေးပါပုံများကို အလေးအနက်ထားထောက်ပြသွားခဲ့သည်ကို တွေ့ရသည်။ အလုပ်ကို ဘာနှင့်သက်သေပြလို့ရမလဲဆိုလျှင် အောင်မြင်မှုရလဒ်နှင့်ပဲ သက်သေပြရမည်ဟု ယေဘုယျဆိုလေ့ရှိကြသည်။

အလုပ်ကို တာဝန်ခံမှုနှင့် သက်သေပြနိုင်ရန် တစ်နည်းအားဖြင့် ရလဒ်နှင့် သက်သေပြနိုင်ရန်အပြင် ထိုရလဒ်ကို မည်သို့သောနည်းလမ်း၊ မည်သို့သောစီမံခန့်ခွဲမှုပုံစံဖြင့် ရရှိခဲ့သည်ကိုပါ တိုင်းတာအစမ်းသပ်ခံနိုင်မည့် တာဝန်ခံနိုင်မှုကိုပါ တိုင်းတာရမည်ဆိုသည်ကို နားလည်မိပါသည်။ အားနည်းချက်များက တစ်ပုံတစ်ပင်နှင့် အခွင့်အလမ်းကနည်းပါးနေသည့်အခြေအနေမှာ တစ်ဦးချင်းစီ၏ လုပ်ချင်ကိုင်ချင်စိတ်၊ တာဝန်ကို ကျေပွန်အောင် ထမ်းရွက်လိုစိတ်၊ အမှန်တကယ်အလုပ်လုပ်လိုစိတ်၊ အောင်မြင်ရမည်ဟူသော ယုံကြည်ချက်နှင့် အောင်မြင်အောင်လုပ်မည်ဆိုသည့် ခံယူချက်များဖြင့် ခိုင်မာသော Mental resources များ ရှိရပါမည်။

၎င်းအရင်းအမြစ်များက လုပ်ငန်းအောင်မြင်ရေးမှာ ကောင်းစွာအထောက်အကူပြုနိုင်ပုံကိုသိရှိပြီး ထိုစိတ်ဓာတ်ခွန်အားများ မြင့်သည်ထက်မြင့်လာအောင် လှုံ့ဆော်နိုင်စွမ်း၏ အရေးပါပုံများကိုလည်း အလေးအနက် အသိအမှတ်ပြုရပါမည်။ ဘာပဲဖြစ်ဖြစ် သူတစ်ပါးအပေါ် မှီခိုလိုမှုစိတ် မရှိခြင်းသည် ကောင်းမွန်သော ကိုယ်ရည်ကိုယ်သွေးတစ်ခုပင်ဖြစ်သည်ကို လေ့လာလိုက်ရသည်။ ထိုသို့မှီခိုမှုမရှိခြင်းကပင် အချင်းချင်းပူးပေါင်းလိုစိတ်နှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးပွားနိုင်စေပြီး ထိုမှတစ်ဆင့် ညီညွတ်မှုနှင့် စိတ်ဓာတ်မြင့်မားတက်ကြွမှုကို တွန်းအားပေးလာပါလိမ့်မည်။

ထိုအချက်များမှာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ နိုင်ငံသားတစ်ဦးချင်း လိုအပ်နေသော စိတ်ပိုင်းဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများပင်ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ ပြည့်ဝကောင်းမွန်မှုမှသည် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကိုပါ ဖြစ်လာစေပါသည်။ ထိုအခါ လုပ်ချင်ကိုင်ချင်စိတ်ရှိလာပြီး လုပ်ကိုင်နိုင်စွမ်းအားနှင့် စွမ်းဆောင်ရည်ပါ တိုးတက်လာသည်ကို တွေ့လာရသည်။

**အနည်းဆုံးရင်းမြစ်အင်အားနှင့် အကောင်းဆုံး ဆောင်ရွက်နိုင်စွမ်း**

မိမိတို့ လက်ရှိအခြေအနေမှာ input ဟုခေါ်သည့် အရင်းအမြစ်များစွာ ရှားပါးသည့် အခြေအနေတစ်ရပ်ကို ရင်ဆိုင်နေရသည်ဟု ဆိုနိုင်သည်။ စွမ်းရည်ပြည့်လူသား အင်အား၊ ငွေကြေးခနအင်အား၊ သယံဇာတ၊ အချိန်အကန့်အသတ်၊ ခံယူချက်မမှန် ၊ စိတ်ဓာတ်ကအားနည်း စသည်ဖြင့် Limited resources ကန့်သတ်ချက်က များစွာရှိနိုင်သည်။ အရင်းအမြစ်က အကန့်အသတ်နှင့်ဖြစ်သော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာနှင့်ရော ဒေသအလိုက်၊ ကဏ္ဍအလိုက် ရည်မှန်းချက်များ လုပ်ငန်းစဉ်များကား သူ့နေရာနှင့်သူ ချမှတ်ပြီးဖြစ်သည်။

ရည်မှန်းချက် မရောက်ရောက်အောင် ထိထိရောက်ရောက် အောင်မြင်အောင် လုပ်ရမည့် လုပ်ငန်းများလည်းဖြစ်သည်။ အကျိုးရှိရှိ ထိထိရောက်ရောက် လုပ်ဆောင်ပြီး အကျိုးဖြစ်ထွန်းမှုရှိမှသာ ထိရောက်မှုရှိပြီး ရည်မှန်းချက် အောင်မြင်မည်ဟုဆိုပါသည်။ သို့သော် အရင်းအမြစ်အင်အားက ချို့တဲ့နေသည် သို့မဟုတ် ရှားပါးနေသည့် အခြေအနေတွင် မိမိလုပ်ငန်းထိရောက်အောင်မြင်ဖို့ဆိုလျှင် မိမိတို့၏ စွမ်းဆောင်ရည်က အမြင့်မားဆုံးဖြစ်နေရန် လိုအပ်မည်ဖြစ်သည်။

ထိုအခြေအနေမျိုးတွင် မိမိတို့၏ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်က ပို၍ အဓိကကျလာသည့်အတွက် အကောင်းဆုံး အရည်အချင်းများကို ပြသနိုင်ရန် အဆင်သင့်ရှိနေရမည်ဖြစ်သည်။ ရှားပါးအရင်းအမြစ်များကို အကောင်းဆုံးအသုံးချနိုင်ပြီး ချမှတ်ထားသည့် ရည်မှန်းချက်အောင်မြင်အောင် လုပ်နိုင်သည့်စွမ်းဆောင်နိုင်မှု efficiency ရှိသူများကသာ ဤနေရာတွင် အရေးပါလာမည်ဖြစ်သည်။

တစ်နည်းအားဖြင့် အနည်းဆုံးသော လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အား အခြေအနေတွင် အကောင်းဆုံးရလဒ်ကို ဖော်ဆောင်နိုင်သူသည်သာ စွမ်းဆောင်ရည်ပြည့်ဝသူ၊ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သူ ဖြစ်သည်ဟုဆိုသည်။ efficiency သဘောတရားတွင် အလေအလွင့်ဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်စီမံနိုင်စွမ်းလည်း ပါဝင်သည်။ သူတို့သည် အနည်းဆုံး၊ အဆိုးဆုံး အခြေအနေမှာပင် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်စွမ်း ရှိခြင်းဖြင့် သူတို့၏ စနစ်တကျ စီမံခန့်ခွဲနိုင်စွမ်းနှင့် တာဝန်ကျေပွန်မှုကို ပြသနိုင်သူများဖြစ်သည်။

**" နိုင်ငံတစ်ခု၊ အလုပ်တစ်ခုတွင် ထိရောက်မှုရှိခြင်းနှင့် စွမ်းဆောင်ရည်ပြည့်ဝခြင်း စသည့်စွမ်းဆောင်မှုများသည် အလုပ်ကို သက်သေပြရာမှာ အားထားရသော အညွှန်းများပင်ဖြစ်သည်။ ထို့အပြင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကိုသွားရာတွင် အသုံးတည့်သည့် လက္ခဏာများတွင်လည်း ပါဝင်သည်ကို တွေ့ရသည်။ ထို့ကြောင့် အရေးကြီးသည်ဟု ဆိုချင်ပါသည်။ အလုပ်ကို မိမိ၏ တာဝန်ယူ၊ တာဝန်ခံမှုဖြင့် သက်သေပြသည် ဆိုရာမှာ မိမိတစ်ဦးတည်း သက်သေပြနေရုံ၊ ရရှိသည့်အောင်မြင်မှုအပေါ် မိမိဘာသာ ကျေနပ်သာယာနေရုံဖြင့်လည်း မပြီးပါ။ မိမိ၏လုပ်ဖော်ကိုင်ဖက်များအပါအဝင် အားလုံး၏ အမြင်သဘောထားများ၊ အကြံဉာဏ်များကိုပါ ထည့်သွင်းတွက်ချက်ရန်လိုပါသည် "**

တစ်နည်းအားဖြင့် efficiency ရှိရှိ ဆောင်ရွက်ခြင်းဖြင့် ရရှိလာသော အောင်မြင်မှုမျိုးကိုသာ effectiveness ဖြစ်သည်ဟု သတ်မှတ်နိုင်ပါသည်။ ထို့ကြောင့် အလုပ်နှင့် သက်သေပြခြင်းဆိုရာမှာ မိမိအလုပ်အပေါ် စွမ်းဆောင်နိုင်မှုကို အတိုင်းတာခံနိုင်မှုရှိခြင်းပင်ဖြစ်သည်ဟု ဆိုလိုရာရောက်ပါသည်။ ရည်မှန်းချက်ကို ရောက်ရှိရုံမက စွမ်းဆောင်ရည်ပြည့်ပြည့်ဖြင့် လုပ်ဆောင်နိုင်ခြင်းကိုပါ ပြသနိုင်ရပါမည်။ စီမံခန့်ခွဲသူချင်းတူလျှင် ရှားပါးချို့တဲ့သည့် အခြေအနေများကြားမှာ အနည်းဆုံးသော ရင်းမြစ်အင်အားကို အကောင်းဆုံးရလဒ်ရအောင် လုပ်နိုင်ခြင်းဖြင့် တိုင်းတာရပါမည်။ effective ဖြစ်တာချင်းတူလျှင် ပိုပြီး efficient ဖြစ်သူက သာသည်ဟု သုံးနှုန်းလေ့ရှိကြသည်ကို သတိထားမိကြမည် ထင်ပါသည်။

**ရလဒ် အကျိုးပြုရလဒ်နှင့် သက်ရောက်မှု**

ထွက်ပေါ်လာသည့် ရလဒ်များကို အကောင်းဆုံး အသုံးချပါဟု လမ်းညွှန်မှာကြားချက်များကိုလည်း ခံယူဖူးကြပါလိမ့်မည်။ ရလဒ်ကို အသုံးမချဘဲ ရလဒ်အဆင့်မှာပင် ရပ်နားထားသည်များ ရှိနေသော ကြောင့်ဖြစ်သည်။ အသုံးချခွင့်မရတာ၊ အသုံးချနိုင်စွမ်းမရှိတာလည်း ပါမည်ထင်သည်။ ရလဒ်ကို အသုံးချတတ်မှသာ အကျိုးရှိမည်ဖြစ်သည်။ output နှင့်သာ မရပ်ဘဲ outcome ဖြစ်အောင်ပါလုပ်ပါဟု ဆိုကြသည်။ ဘာပဲလုပ်လုပ် အဆုံးသတ်အကျိုးဖြစ်ထွန်းသည်အထိ ရောက်စေချင်သည်။ outcome အထိမျှော်၍ လုပ်စေချင်သည်။ တစ်ဆက်တည်း သက်ရောက်မှု impact အထိပါ မျှော်တွေးဆောင်ရွက်သင့်ကြသည်။ output လောက်နဲ့တင် အလုပ်ဖြစ်အောင်လုပ်နေသရွေ့ အလုပ်ကို အလုပ်နှင့်သက်သေပြနိုင်မည့် အခြေအနေတွင်မရှိပါ။

ဒီဘက်ခေတ်မှာ ဖွံ့ဖြိုးတိုးတက်မှု ရှိခြင်းမရှိခြင်းသည် positive outcome ထိ ရောက်သည့်အကျိုးရှိမှုနှင့်လည်းကောင်း၊ positive impact ကောင်းမွန်သည့် သက်ရောက်မှုနှင့်လည်းကောင်း တိုက်ရိုက်အချိုးကျသည်ဟု ဆိုရပါမည်။ ယနေ့ခေတ်တွင် ရလဒ် output တစ်ခုတည်းဖြင့် ကျေနပ်မနေသင့်တော့ပါ။ ရလဒ်ကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိအောင် အသုံးချနိုင်မည့် အကျိုးပြုရလဒ်နှင့်အတူ မိမိနှင့်သက်ဆိုင်သူများ မိမိပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းအပေါ် ကောင်းမွန်သောသက်ရောက်မှု ရရှိနိုင်အောင် ဆောင်ရွက်နိုင်မည့်အရည်အသွေးများ နယ်ပယ်စုံတွင် လိုအပ်လာပြီဖြစ်ပါသည်။

**ရလဒ်အပြင် အားလုံး၏ကျေနပ်မှုကိုပါ လိုအပ်ပြန်**

ကိုယ်လုပ်လိုက်သည့် အလုပ်တစ်ခုကို သက်သေပြရာမှာ သတိပြုစရာတစ်ခုတော့ ရှိပါသည်။ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီ၊ စွမ်းဆောင်မှုအပြည့်ဖြင့်လည်း ဆောင်ရွက်နိုင်ခဲ့ပြီ၊ ရလဒ်နှင့် အကျိုးသက်ရောက်မှုပါ ကောင်းသည်ဆိုသော်လည်း ပိုပြီးပြည့်စုံစေမည့် အချက်တစ်ခု ကျန်နေသည်ကို မမေ့သင့်ပါ။ မိမိနှင့်အတူ ပါဝင်လက်တွဲဆောင်ရွက်သူများ၏ အားရကျေနပ်မှု၊ ကိုယ်ပါဝင်သည့် လုပ်ငန်းစဉ်နှင့် ရလဒ်အပေါ်မှာ ကျေနပ်မှုကိုလည်း လျစ်လျူရှုမထားသင့်ဘဲ ၎င်းအချက်ကို ထည့်သွင်းစဉ်းစားမှသာ ပြီးပြည့်စုံသော အောင်မြင်မှုဖြစ်ပါမည်။

ထို့အပြင် အောင်မြင်မှုတစ်ခုမှာ တစ်ဦးတစ်ယောက်ကောင်းကြောင့် အောင်မြင်မှုလား၊ သို့မဟုတ် အဖွဲ့လိုက်စုပေါင်း လုပ်ဆောင်မှု teamwork ကြောင့်လား၊ ကြည့်ရပြန်သည်။ ရလဒ်ကောင်းများနှင့် အောင်မြင်မှုတွေရနေသော်လည်း ဦးဆောင်သူအနေဖြင့်ရော မိမိလက်အောက်က လူတွေအဖို့မှာပါ ဖိစီးမှုတွေ၊ နစ်နာမှုတွေရှိနေမည်ဆိုလျှင်လည်း အလုံးစုံသော အောင်မြင်မှုဟု မမှတ်ယူနိုင်ပါ။

ထို့အပြင် ဝန်ထမ်းများ၏ ပြောင်းလဲလာနိုင်သောခံယူချက်များကိုလည်း သတိပြုရပါမည်။ တချို့က လုပ်ငန်းအခြေအနေကြောင့် ခံယူချက်များပြောင်းကုန်တာ ရှိသည်။ အောင်မြင်မှုနှင့်အတူ ခံယူချက်များ လိုက်ပါတိုးတက်ခြင်းက အကောင်းဆုံးပင်ဖြစ်၍ ထိုသို့ဖြစ်ရန်မှာ ဦးဆောင်သူများနှင့် လက်အောက်များအကြား အလုပ်အပေါ် ထပ်တူညီသော ဘုံရည်မှန်းချက်နှင့် အကျိုးစီးပွားများ အနီးကပ်ဆုံး ထပ်တူထပ်မျှရှိရန် လိုအပ်လှပါသည်။ သို့မဟုတ်လျှင် ထိုအောင်မြင်မှုသည် ငါတို့နှင့်မဆိုင်ဟု အတွေးအမြင်များ ကိန်းအောင်းလာနိုင်ပြီး အနာဂတ်လုပ်ငန်းစဉ်များအပေါ်မှာပါ ဆိုးကျိုးသက်ရောက်မှုများလည်း ရှိလာနိုင်သောကြောင့်ဖြစ်ပါသည်။

*စာမျက်နှာ ၁၂ သို့*

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများအနက် ဦးရေ တစ်သိန်းပြည့်မြောက်သည့် ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၁

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်း ပြည်ပမှ ဘုရားဖူး လာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်။**



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများအား တွေ့ရစဉ်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့် ဩဂုတ် ၈ ရက်မှစ၍ ဘုရားဖူးပြည်သူ အများအပြား နေ့စဉ် လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့ထိ ဘုရားဖူးလာသူ ပြည်သူ တစ်သိန်းကျော် အနက်မှ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ ဦးကျော်ဝဏ္ဏသည် ဦးရေ တစ်သိန်းပြည့်မြောက်သည့် ကံထူးသူတစ်ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ တစ်သိန်း ပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် ဦးကျော်ဝဏ္ဏနှင့် မိသားစုဝင်များအား ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး နှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် အတွင်းရှိ ကျောက်စာရုံ စေတီတော်များ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်၊ ဂန္ဓကုဋိတိုက်များ၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ်များအား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး နှင့် သာသနိက အဆောက်အဦများ တည်ထား ကိုးကွယ်မှုဆိုင်ရာ များနှင့် ဦးရေ တစ်သိန်းမြောက် ဘုရားဖူးပြည်သူဖြစ်လာရသည့် အကြောင်းရင်းကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် **ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ** ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ တစ်သိန်းမြောက် ဘုရားဖူးပြည်သူ ဦးကျော်ဝဏ္ဏအား ဉာဏ်တော် ၉ လက်မ အမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်သွင်း ဓာတ်ပုံတစ်ပုံ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး နှင့် သာသနိက အဆောက်အဦများ ဆိုင်ရာ သမိုင်းကြောင်း ပါဝင်သည့် CD တစ်ချပ်နှင့် ငွေကျပ် ၁၂ သိန်း တန်ဖိုးရှိ Creamy Paper ဖြင့် ရိုက်နှိပ်ထားပြီး ပါဠိ၊ ရိုမန်အက္ခရာ နှစ်မျိုးတို့ဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ ကျမ်း အုပ် (၄၀) တစ်စုံ တို့ကို အမှတ်တရ ဓမ္မလက်ဆောင် အဖြစ် ဂုဏ်ပြုပေးအပ်ပြီး အဆိုပါ ပိဋကတ် ပါဠိတော်ကျမ်းကို ဦးကျော်ဝဏ္ဏနှင့် ဇနီး ဒေါ်နွယ်နီဝင်း မိသားစုအမည်ဖြင့် ကမ္ပည်း ရေးထိုးထားကာ လှူဒါန်းလိုသော ဘုန်းတော်ကြီးကျောင်းသို့ ကိုယ်တိုင်လှူဒါန်းနိုင်ရန် တစ်ပါတည်း စီစဉ်ပေးထားကြောင်း သိရှိရသည်။

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ တစ်သိန်း ပြည့်မြောက်သူ ဘုရားဖူးပြည်သူ ဦးကျော်ဝဏ္ဏနှင့် မိသားစုဝင်များ၏ ကြည်နူးပီတိ စကားသံများကိုလည်း ယခုလို ကြားသိရသည်။

**ဦးကျော်ဝဏ္ဏ**
**(ဦးရေတစ်သိန်းမြောက် ဘုရားဖူးပြည်သူ)**

သီတင်းကျွတ် ရုံးပိတ်ရက်မှာ ဒီနေပြည်တော်မှာရှိတဲ့ အစ်မတို့ဆီကို အလည်လာရင်းနဲ့ ဒီနေ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ကျွန်တော်တို့က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ကနေ မိသားစုနဲ့အတူ အခုလို လာရောက် ဖူးမြော်တာဖြစ်ပါတယ်။ ဒီဘုရားကြီးကို ရောက်တော့ ဝင်ခွင့်ကတ်ထုတ်တဲ့ နေရာမှာ တိုက်ပုံအင်္ကျီနဲ့ ဦးလေး တစ်ယောက်က ကျွန်တော့်ကို လက်ဆွဲ နှုတ်ဆက်ပါတယ်။ ဒီဘုရားကြီးရဲ့ ဂေါပကလို့ပြောပါတယ်။ ဒီမာရဝိဇယ ဘုရားကြီးကို လာရောက် ဘုရားဖူးပြည်သူများအနက် ဒီနေ့ကျွန်တော် ရောက်ရှိကြောင်း စာရင်းသွင်းကတ်ပြားထုတ်တဲ့ အချိန်မှာ အယောက်တစ်သိန်းမြောက် ဘုရားဖူး ပြည်သူတစ်ဦးဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုကံထူးသူအဖြစ် စာရင်းဝင်သွားတဲ့အတွက်ကြောင့် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီလိုအယောက် တစ်သိန်းမြောက် ကံထူးရှင်ဖြစ်တဲ့ အချိန်မှာ ကျွန်တော်တို့မိသားစုကို အခမ်းအနားနဲ့ ဂုဏ်ပြုကာ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနဲ့ သာသနိက အဆောက်အဦများဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောပြပါတယ်။ ဘုရားဖူးပြည်သူများ တစ်နေ့ တစ်နေ့ တိုးတက် များပြားလာတဲ့ အကြောင်းတွေကို ပြောပါတယ်။ ဒါ့အပြင် ဉာဏ်တော် ၉ လက်မ အမြင့်ရှိတဲ့ စကျင်ကျောက်ဖြင့် ထုဆစ်ထားတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မှန်ပေါင်သွင်း ဓာတ်ပုံတစ်ပုံ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အဦများဆိုင်ရာ သမိုင်းကြောင်း ရှင်းလင်းချက် CD တစ်ချပ်၊ ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ Creamy Paper ဖြင့် ရိုက်နှိပ်ထားပြီး ပါဠိ/ရိုမန် အက္ခရာနှစ်မျိုးတို့ဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ် ပါဠိတော် ၅၃ ကျမ်း အုပ် (၄၀) တစ်စုံတို့ကို ဂုဏ်ပြုပေးအပ်ပါတယ်။ အဲဒီအတွက်ကြောင့် အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါတယ်။

**ဦးသန့်ဆွေ**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော် အမြင့်ဆုံး ဖြစ်တဲ့ နေပြည်တော် ဇဟိုချက် မဆိုတဲ့ နေရာမှာ တည်ထား ကိုးကွယ်ထားတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ သာသနိက အဆောက်အဦတွေကို နိုင်ငံတော် အကြီးအကဲလည်းဖြစ်၊ ဦးဆောင် ဘုရားဒါယကာလည်း ဖြစ်တဲ့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးစီးပြီးတော့ စနစ်တကျ စီမံအကွက်ချ တည်ဆောက်ပြီးစီးတဲ့နောက်မှာ သာသနာသက္ကရာဇ် ၂၅၆၇ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယ ဝါဆိုလပြည့်နေ့က ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော် တင်လှူပူဇော်ခြင်း နှင့် ရေစက်ချ အောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားကို နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပြည်ပမှ အထူးဖိတ်ကြားထားတဲ့ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ အပါအဝင် ဘုရားကြီးကို လှူဒါန်းကြတဲ့ အလှူရှင်များပါဝင်ပြီး စည်ကားသိုက်မြိုက်စွာနဲ့ ကျင်းပအောင်မြင်ပြီးစီးခဲ့ပါတယ်။ အဲဒီနောက်မှာ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာနဲ့ ဖူးမြော်နိုင်ဖို့အတွက် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ကစပြီး စက်တင်ဘာလ ၃ ရက်နေ့ထိ အခမဲ့ ဝင်ရောက်ဖူးမြော်ခွင့်ပြုခဲ့ပါတယ်။ အဲဒီကာလတစ်လျှောက်မှာ ၁၉.၈.၂၀၂၃ ရက်နေ့မှာ နိုင်ငံတော်အကြီးအကဲက ရဟန်း ရှင်လူ ဘုရားဖူးပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်တဲ့နေ့မှာပဲ လူဦးရေ ၉၇၀၀၀ ကျော်ရှိပြီး အများဆုံးဝင်ရောက်ဖူးမြော်ခဲ့တာကို တွေ့ရှိရပါတယ်။ ဒုတိယကတော့ ဩဂုတ်လ ၁၆ ရက်နေ့ကတော့ ၆၆၀၀၀ ကျော်ပေါ့။ အခမဲ့ ဝင်ရောက်ဖူးမြော် ခွင့်ပြုတဲ့ကာလအတွင်း စက်တင်ဘာလ ၃ ရက်နေ့အထိ ဘုရားဖူး ဦးရေက ၆၁၀၀၀၀ ကျော်ရှိပါတယ်။ အဲဒီနောက်မှာ စက်တင်ဘာလ ၄ ရက်နေ့ကစပြီး နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ ဘုရားဖူးပြည်သူတွေကိုတော့ လွတ်လွတ်လပ်လပ် အခမဲ့ ဖူးမြော်ခွင့်ပေးပြီးတော့ ကင်မရာပါတဲ့ တယ်လီဖုန်းကိုတော့ သတ်မှတ်နှုန်းထား ကျပ်၁၀၀၀ နှုန်းနဲ့ ဘုရားကြီးစီမံ

စာမျက်နှာ ၁၂ သို့



ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ တစ်သိန်းမြောက် ဘုရားဖူးပြည်သူ ဦးကျော်ဝဏ္ဏအား အမှတ်တရ ဓမ္မလက်ဆောင် ဂုဏ်ပြုပေးအပ်စဉ်။

*စာမျက်နှာ ၁၁ မှ*

ထိန်းသိမ်းဖို့ အလှူတော်ငွေအဖြစ် ကောက်ခံခဲ့ရာ လှူဒါန်းပူဇော်လိုတဲ့ ဘုရားဖူးများ ဝင်ရောက်ဖူးမြော်ခဲ့ခြင်း ဖြစ်ပါတယ်။ စက်တင်ဘာလ ၄ ရက်နေ့ကစပြီး ရပ်နီးရပ်ဝေး အနယ်နယ်အရပ်ရပ်က ဘုရားဖူးများဖြင့် ကြိတ်ကြိတ်တိုး စည်ကားပြီး လာရောက်ဖူးမြော်လျက်ရှိရာမှာ သီတင်းကျွတ် ရုံးပိတ်ရက်ကာလ အဖိတ်နေ့မှာ ဘုရားဖူးဦးရေ ၁၆၇၀၀ ကျော် လာရောက်ဖူးမြော်ခဲ့ပါတယ်။ သီတင်းကျွတ်လပြည့်နေ့မှာတော့ မာရဝိဇယဘုရားကြီးရဲ့ ဗုဒ္ဓဥယျာဉ်တော်အတွင်းမှာ တခြား တန်ခိုးကြီးဘုရားများနည်းတူ ဆီမီးများ ပူဇော်ခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်း၊ ဝတ်ရွတ်အသင်းတွေနဲ့ ရွတ်ဆိုခြင်းများကိုလည်းပဲ သုံးရက်တာ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ဘုရားဖူးပြည်သူတွေဟာ လပြည့်ညမှာ အထူး စည်ကားလာပါတယ်။ ဘုရားဖူးဦးရေ ၇၆၀၀၀ ကျော် လာရောက် ဖူးမြော်ခဲ့ပါတယ်။ ဩဂုတ်လ ၈ ရက်နေ့ကနေ သီတင်းကျွတ် လပြည့်နေ့အထိ ဘုရားဖူးလူဦးရေ ၉၇၅၀၀၀ ကျော်ရှိခဲ့ပါတယ်။ လပြည့်ကျော် ၁ ရက်နေ့မှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်ရုံးမှ ဘုရားဖူးပြည်သူ ဦးရေ တစ်သန်းပြည့်မြောက်တဲ့ ဘုရားဖူး




ဦးကျော်ဝဏ္ဏ



ဦးသန့်ဆွေ



ဒေါ်နွယ်နီဝင်း



ဦးသန်းထက်အောင်



ဒေါ်တင်မိုးခိုင်

ပြည်သူကို ဓမ္မလက်ဆောင်တွေ ပေးအပ်ဖို့အတွက် သေချာ ရေတွက်ထားဖို့ လမ်းညွှန်ချက် လက်ခံရရှိပြီးနောက် လပြည့်ကျော် ၁ ရက်နေ့ကစပြီး ဘုရားဖူးပြည်သူဦးရေကို ကျွန်တော်တို့ သေချာ ရေတွက်ခဲ့ပါတယ်။ လပြည့်နေ့ညမှာ ဦးရေ တစ်သန်းပြည့်မီဖို့အတွက် ၂၀၄၂ ဦး ကျန်ရှိတဲ့အတွက် ယနေ့နံနက် ၆ နာရီကစပြီး ဘုရားဖူးဝင်ရောက်တဲ့ ဦးရေကို စိစစ်ဆောင်ရွက်တဲ့အခါ နံနက် ၁၀ နာရီမှာ ၂၀၂၇ ဦး ဆိုတော့ ၁၅ ဦးအလို ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ခန့်မှန်းချိန် ၁၀ နာရီ ၃ မိနစ်မှာ ၁၅ ဦး စိစစ်ပြီး ဝင်ရောက်မှုကို ဆောင်ရွက်လိုက်တဲ့အခါ အခုဓမ္မလက်ဆောင် ဂုဏ်ပြုပေးအပ်ခြင်းခံရတဲ့ ဦးကျော်ဝဏ္ဏက ဦးရေ တစ်သန်းမြောက် ဘုရားဖူးပြည်သူ ဖြစ်ခဲ့ပါတယ်။ ဦးကျော်ဝဏ္ဏကို ဂုဏ်ပြုဓမ္မဒါန လက်ဆောင်တွေကို နိုင်ငံတော်အကြီးအကဲရဲ့ ကိုယ်စား ဘုရားကြီးမှ တာဝန်ရှိပုဂ္ဂိုလ်များက ချီးမြှင့်ခြင်း ဖြစ်ပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့တကွ သာသနာ့အဆောက်အဦများ၊ ဗုဒ္ဓဥယျာဉ်တော်ကလည်းပဲ စတင်တည်ဆောက်ကတည်းက နိုင်ငံတော်ရဲ့ ဘတ်ဂျက်နဲ့ အသုံးပြုခြင်းမရှိဘဲ အများပြည်သူ ခုနစ်ရက်သားသမီးတွေရဲ့ စုပေါင်းအလှူနဲ့ တည်ဆောက်ထားတာဖြစ်ပြီး အခုလို ပြည်သူအားလုံး ဖူးမြော်ပြီး ကြည်ညိုသဒ္ဓါ ပွားများကြရတာ ဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ရဲ့ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ရည်ရွယ်ချက် ၄ ရပ်နဲ့အညီ ကမ္ဘာတည်သရွေ့ ထွန်းလင်းတောက်ပ တည်တံ့ခိုင်မြဲနေစေဖို့အတွက် ရဟန်းရှင်လူ ဘုရားဖူးပြည်သူတွေရဲ့ အလှူဒါနတွေနဲ့ ဆက်လက်ပြီးတော့ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီမံထိန်းသိမ်းမွမ်းမံ ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ဘုရားဖူးပြည်သူများတွေ အနေနဲ့လည်း စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ကြဖို့၊ ကြည်ညိုသဒ္ဓါပွားများစေကြဖို့ ဆုမွန်ကောင်းပို့သအပ်ပါတယ် ခင်ဗျာ။

**ဒေါ်နွယ်နီဝင်း**

ကျွန်မကတော့ ကိုကျော်ဝဏ္ဏရဲ့ ဇနီး ဒေါ်နွယ်နီဝင်း ဖြစ်ပါတယ်။ ကျွန်မတို့ မိသားစုက ရန်ကုန်က ဖြစ်ပါတယ်။ ဒီသီတင်းကျွတ် ရုံးပိတ်ရက်မှာ နေပြည်တော်မှာရှိတဲ့ အစ်မတို့ဆီကို အလည်လာရောက်ရင်းနဲ့ မာရဝိဇယ ဘုရားကြီးကို လာရောက်ဖူးမြော်တာပါ။ ဘုရားကြီးက အလွန်သပ္ပာယ်ပါတယ်။ ဘုရားရင်ပြင်တော်ပေါ်တက်လိုက်တာနဲ့ အလွန်အေးချမ်းတယ်။ ဒီနေ့ကျွန်မအမျိုးသားက ဘုရားဖူးပြည်သူ ဦးရေ တစ်သန်းမြောက် ဘုရားဖူးပြည်သူ ဖြစ်ခွင့်ရခဲ့တယ်။ အလွန်ဂုဏ်ယူပါတယ်။ ဂေါပကရုံး တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း အထူးပဲ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေလည်း လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသန်းထက်အောင်**

ကျွန်တော် ဘုရားဖူး လာရောက်ဖြစ်တာဆိုရင် ငါးကြိမ်မြောက်ရှိပါပြီ ။ ဖူးလို့ကို မဝပါဘူး။ စိတ်ထဲလည်း ကြည်နူးပီတိဖြစ်ရပါတယ်။ ကျွန်တော့်ရဲ့ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ ဝန်ထမ်းတွေကို နေပြည်တော်မှာရှိတဲ့ ဘုရားတွေကို လိုက်ပို့တိုင်း ဒီမာရဝိဇယ ဘုရားကြီးကို လိုက်ပို့ဖြစ်တယ်။ အခြား အထင်ကရဘုရားတွေလည်းလိုက်ပို့ဖြစ်တယ်။ ကျွန်တော့်ဆီကိုလာတဲ့သူတိုင်းကို ဘုရားမဖူးဘဲ ပြန်မလွှတ်တဲ့ သဘောမျိုးဖြစ်အောင်ကို ပို့ဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးမိတ်ဆွေတွေလည်း ကုသိုလ်လာယူပြီးတော့ ဒီလိုဖူးမြော်ချင်တယ်ဆိုရင်တော့ နေပြည်တော်မှာ လာရောက်လည်ပတ်ရင်းနဲ့ အထင်ကရဘုရားတွေ၊ စေတီပုထိုးတွေ အများကြီးရှိပါတယ်။ လာရောက်ဖူးမြော်ဖို့လည်း ဖိတ်ခေါ်ပါတယ်။ နေပြည်တော်မှာ တန်ခိုးကြီး ဘုရားတွေ အများကြီးရှိတဲ့ အထဲမှာ ထူးခြားမှုအနေနဲ့ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးဟာ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဘုရားကြီး ဖြစ်ပါတယ်။ မြန်မာမှုလက်ရာတွေလည်း အများကြီးရှိပါတယ်။ ဘုရားဖူး ပြည်သူတွေအနေနဲ့ ကြည်ညိုသဒ္ဓါပွားဖို့လည်း ကောင်းပါတယ်။ လာရောက်ဖူးမြော်သူတွေအနေနဲ့လည်း ဘုရားကြီးရဲ့ ရုပ်ပွားတော်ကို ဖူးမြော်လိုက်ရခြင်းဖြင့် ရင်ထဲမှာ အေးချမ်းမှု၊ ပီတိဖြစ်မှုနဲ့ သဒ္ဓါပွားမှုတွေ အများကြီးဖြစ်ပေါ်ပါတယ်။

**ဒေါ်တင်မိုးခိုင်**

ရန်ကုန်က မောင်လေးတို့မိသားစု နေပြည်တော်ကိုလာတော့ မာရဝိဇယဘုရားကြီးကို လိုက်ပို့တာပါ။ မနေ့ကတည်းက လာဖို့ကို မလာဖြစ်ခဲ့တာပါ။ ဒီနေ့မှ မနက်စောစောကြီးထပြီးတော့ မနက်စာစားပြီး လာခဲ့ကြတာပါ။ မာရဝိဇယဘုရားကြီး မပြီးခင်ကတည်းက ဖူးချင်နေတာ။ ပထမဦးဆုံး ဖွင့်တဲ့နေ့ကလည်း လာရောက် ဖူးမြော်ခဲ့ပါတယ်။ ဒီနေ့လည်း နိဗ္ဗာန်ထောက်ပံ့နိုင်ဖို့ ကိုယ့်ရဲ့ မောင်လေးကို ထောက်ပံ့ပေးတာ။ အခုလိုမျိုး ဘုရားဖူးပြည်သူ ဦးရေတစ်သန်းမြောက် ဘုရားဖူးပြည်သူ ဖြစ်တဲ့အတွက် အလွန် ဝမ်းမြောက်မိပါတယ်။ အလွန်လည်း ကြည်နူးမိပါတယ်။ မနက်ကတည်းက အစောကြီး ထပြီးတော့ မာရဝိဇယဘုရားကြီးကို ဖူးမြော်စေချင်လို့ လာရောက်ပို့ပေးဖြစ်တာပါ။ မထင်မှတ်ဘဲ အခုလိုမျိုး ဖြစ်သွားတဲ့အတွက် အိပ်မက်လားလို့တောင် ထင်မိပါတယ်။ မာရဝိဇယ ဘုရားကြီးမှာရှိတဲ့ ဂေါပက အဖွဲ့ဝင်တွေကလည်း ဖော်ရွေကြပါတယ်။ ညှော်ဝတ်လည်း ကျေပါတယ်။ ဘုရားတွေကို စုံအောင် လိုက်ပြပေးတဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်။

**သတင်းစဉ်**

> “ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့တကွ သာသနာ့အဆောက်အဦများ၊ ဗုဒ္ဓဥယျာဉ်တော်ကလည်းပဲ စတင်တည်ဆောက်ကတည်းက နိုင်ငံတော်ရဲ့ ဘတ်ဂျက်နဲ့ အသုံးပြုခြင်းမရှိဘဲ အများပြည်သူ ခုနစ်ရက်သားသမီးတွေရဲ့ စုပေါင်းအလှူနဲ့ တည်ဆောက်ထားတာဖြစ်ပြီး အခုလိုပြည်သူအားလုံး ဖူးမြော်ပြီး ကြည်ညိုသဒ္ဓါပွားများကြရတာ ဖြစ်ပါတယ် ”

---

*စာမျက်နှာ ၁၀ မှ*

နိုင်ငံတစ်ခု၊ အလုပ်တစ်ခုတွင် ထိရောက်မှုရှိခြင်းနှင့် စွမ်းဆောင်ရည်ပြည့်ဝခြင်း စသည့်စွမ်းဆောင်မှုများသည် အလုပ်ကို သက်သေပြရာမှာ အားထားရသော အညွှန်းများပင်ဖြစ်သည်။ ထို့အပြင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကိုသွားရာတွင် အသုံးတည့်သည့် လက္ခဏာများတွင်လည်း ပါဝင်သည်ကို တွေ့ရသည်။ ထို့ကြောင့် အရေးကြီးသည်ဟု ဆိုချင်ပါသည်။ အလုပ်ကို မိမိ၏ တာဝန်ယူ၊ တာဝန်ခံမှုဖြင့် သက်သေပြသည်ဆိုရာမှာ မိမိတစ်ဦးတည်း သက်သေပြနေရုံ၊ ရရှိသည့်အောင်မြင်မှုအပေါ် မိမိဘာသာ ကျေနပ်သာယာနေရုံဖြင့်လည်း မပြီးပါ။ မိမိ၏လုပ်ဖော်ကိုင်ဖက်များ အပါအဝင် အားလုံး၏ အမြင်သဘောထားများ၊ အကြံဉာဏ်များကိုပါ ထည့်သွင်းတွက်ချက်ရန် လိုပါသည်။

ပြည်သူ့အတွက်လုပ်သော ပြည်သူ့ဗဟိုပြုလုပ်ငန်းများ ဝန်ဆောင်မှုများဆိုလျှင် ပြည်သူလူထု၏ သဘောထားမှတ်ချက်များ၊ အမြင်များကိုပါ ထည့်သွင်းပေါင်းစပ်နိုင်မှ ပြည့်စုံပါသည်။ နေရာစုံထောင့်စုံက ပြည်သူများ၏ ဝေဖန်မှုများ၊ အသံများကို နားထောင်ရန်လိုပါမည်။ တိုးတက်မှုကိုရှေးရှုလျှင် တစ်နေရာရာက ထင်မြင်ချက် အိုင်ဒီယာ တစ်ခုပင်ဖြစ်ပါစေ အရေးပါအရာရောက်နိုင်ပါသည်။ နားထောင်ပေးခြင်းနှင့် လက်ခံနိုင်စွမ်းရှိခြင်းသည်ပင် ခေါင်းဆောင်များနှင့် အချင်းချင်းကြားတွင် လိုအပ်သော ကောင်းမွန်သော ဆက်သွယ်ဆက်ဆံခြင်းစွမ်းရည် တစ်ခုဖြစ်ကြောင်း နားလည်သဘောပေါက်ပြီး ဖြစ်ပါသည်။

> **ကိုယ်လုပ်လိုက်သည့် အလုပ်တစ်ခုကို သက်သေပြရာမှာ သတိပြုစရာတစ်ခုတော့ ရှိပါသည်။ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီ၊ စွမ်းဆောင်မှုအပြည့်ဖြင့်လည်း ဆောင်ရွက်နိုင်ခဲ့ပြီ၊ ရလဒ်နှင့် အကျိုးသက်ရောက်မှုပါ ကောင်းသည်ဆိုသော်လည်း ပို၍ပြီးပြည့်စုံစေမည့် အချက်တစ်ခု ကျန်နေသည်ကို မမေ့သင့်ပါ။ မိမိနှင့်အတူ ပါဝင်လက်တွဲဆောင်ရွက်သူများ၏ အားရကျေနပ်မှု၊ ကိုယ်ပါဝင်သည့် လုပ်ငန်းစဉ်နှင့် ရလဒ်အပေါ်မှာ ကျေနပ်မှုကိုလည်း လျစ်လျူရှုမထားသင့်ဘဲ ၎င်းအချက်ကို ထည့်သွင်းစဉ်းစားမှသာ ပြီးပြည့်စုံသော အောင်မြင်မှုဖြစ်ပါမည်**

“ပြည်သူလူထု၏အကျိုးကို လက်တွေ့ကျကျ ထိထိရောက်ရောက် **ဆောင်ရွက်ပြခြင်းဖြင့် အလုပ်ဖြင့်သက်သေပြကြရန် တိုက်တွန်းလိုကြောင်း”** ဟူသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်သည် ရုံး၊ ဌာနအဖွဲ့အစည်းအကြီးအမှူးများက မကြာခဏ မှာကြားလေ့ရှိသော လမ်းညွှန်ချက်လည်း ဖြစ်ပါသည်။ အဓိကအချက်က စကားလုံးများအပေါ် ဖြန့်ကြက် တွေးတောမိခြင်းသာဖြစ်သည်။ အများအကျိုးအတွက် ဆောင်ရွက်သည်ဆိုသော အလုပ်ကို ရလာသောရလဒ်ကောင်းများနှင့်အတူ အကန့်အသတ်နှင့် ရှိနေသော အရင်းအမြစ်များကို မည်သို့အသုံးချဆောင်ရွက်နိုင်ပြီး ဘယ်လောက် အကျိုးရှိ ထိရောက်အောင်မြင်သည်ကို သက်သေပြရန်လိုမည်ဟု ယူဆပါသည်။

ကနဦး ရလဒ်နှင့်တင်မပြီး၊ ထိုရလဒ်ကို လက်တွေ့နယ်ပယ်မှာ အကောင်းဆုံး အသုံးချကာ မိမိပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းမှာ ကောင်းသော သက်ရောက်မှုများရသည်အထိလည်း ဆောင်ရွက်နိုင်ရပါမည်။ အောင်မြင်မှုရသော်လည်း မိမိနှင့် မိမိအဖွဲ့အစည်းအတွင်းမှာ အနုတ်လက္ခဏာဆန်သောသက်ရောက်မှုများ ကျန်နေလျှင် ပြီးပြည့်စုံသောအောင်မြင်မှုဟု သတ်မှတ်ရန် ခက်ခဲနိုင်သောကြောင့်ဖြစ်ပါသည်။ အရေးကြီးသည်က အားလုံးမှာ မိမိလုပ်ငန်းခွင်အတွင်း လုပ်ငန်းခွင်မိသားစုစိတ်ဓာတ်ဖြင့် သာယာပျော်ရွှင်ချမ်းမြေ့စွာဖြင့် အလုပ်ပြီးမြောက်ကြစေရန်ပင် ဖြစ်ပါသည်။ ။

# မြစ်ကြီးနား - ဗန်းမော် ကားလမ်းမကြီးအား လုံခြုံရေးဆောင်ရွက်ပေးနေသည့် ကန်တော်ယန်လုံခြုံရေးစခန်းအား KIA နှင့် ပူးပေါင်းအင်အားစုအဖွဲ့မှ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းအား တားဆီးထိန်းချုပ်ရန် ဆောင်ရွက်လာသဖြင့် တပ်မတော်မှ လိုအပ်သည့်တုံ့ပြန်မှုများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၁**

KIA နှင့် ပူးပေါင်းအင်အားစုများအနေဖြင့် ယနေ့နံနက်ပိုင်းတွင် အများပြည်သူအသုံးပြုလျက်ရှိသော မြစ်ကြီးနား- ဗန်းမော် အဓိကဆက်သွယ်ရေးကားလမ်းမကြီးအား လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် ကန်တော်ယန်တစ်ဝိုက်ရှိ လုံခြုံရေးအဖွဲ့အား အင်အားအလုံးအရင်းဖြင့် အလစ်အငိုက်ရယူ၍ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

KIA နှင့်ပူးပေါင်းအင်အားစုများသည် အောက်တိုဘာ ၆ ရက်တွင်လည်း အဆိုပါလမ်းကြောင်းပေါ်ရှိ လဲလုံလမ်းကြောင်း လုံခြုံရေးစခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်အနေဖြင့် သက်ဆိုင်ရာ Peace – Talk Creation Group (PCG) မှတစ်ဆင့် ဆက်သွယ်၍အများပြည်သူအသုံးပြုသည့် အရေးကြီးသော ဆက်သွယ်ရေးလမ်းဖြစ်၍ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခြင်းမပြုရန်နှင့် ထပ်မံ၍ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာပါက သည်းခံနိုင်စွမ်းကုန်ဆုံးပြီး သင့်လျော်သည့် တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှစ်ကြိမ်တိုင်တိုင် အသိပေးအကြောင်းကြားခဲ့သည်။

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုကာ ငြိမ်းချမ်းရေးအတွက် အကြိမ်ကြိမ်ကမ်းလှမ်း၍ တတ်နိုင်သရွေ့ သည်းခံမှုများ ပြုလုပ်ခဲ့သော်လည်း KIA နှင့်ပူးပေါင်းအင်အားစုများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ အကြမ်းဖက်အဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများနှင့် အချိန်ကိုက်အခွင့်အရေးယူကာ ယနေ့နံနက်ပိုင်းတွင် တပ်မတော်၏ တပ်စုအဆင့် လုံခြုံရေးဆောင်ရွက်လျက်ရှိသော ကန်တော်ယန်လုံခြုံရေးစခန်းအား သာလွန်အင်အား အများအပြားအသုံးပြု၍ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြစ်ကြီးနား- ဗန်းမော်သွား ဆက်သွယ်ရေး လမ်းကြောင်းအား ပိတ်ဆို့ထိန်းချုပ်ရန် ဆောင်ရွက်လာခဲ့သည်။ ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ/စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သို့ဖြစ်၍ တပ်မတော်အနေဖြင့် အမာခံသတင်းပေးများ၏ တိကျစွာ သတင်းပေးပို့ချက်အရ ကြိုတင်သိရှိထားသော KIA အဖွဲ့၏ လက်နက်ထုတ်လုပ်သည့် နေရာ၊ ခဲယမ်းနှင့် မိုင်းများ ထုတ်လုပ်သည့် နေရာများနှင့် သိုလှောင်သည့်နေရာများအား သင့်လျော်သည့် တုံ့ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရသည်။

အဆိုပါနေရာသည် နယ်စပ်နှင့် နီးကပ်သည့်နေရာဖြစ်၍ အိမ်နီးချင်းနိုင်ငံသို့ မလွဲမသွေသာ ဆောင်ရွက်ရမည့်ကိစ္စရပ်အား ကြိုတင်အသိပေးဆောင်ရွက်ခဲ့ခြင်းအပြင် ထိန်းထိန်းသိမ်းသိမ်းဖြင့် ကန့်သတ်တုံ့ပြန်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍လည်း ပြည်သူလူထုနှင့်ပတ်သက်၍ နှောင့်ယှက်ထိပါးစေသော အကြမ်းဖက်လုပ်ရပ်များ ထပ်မံဆောင်ရွက်လာပါက လိုအပ်သောပြန်လည်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


KIA နှင့်ပူးပေါင်းအင်အားစုများ အင်အားအလုံးအရင်းဖြင့် လာရောက်တိုက်ခိုက်ခဲ့သည့် ကန်တော်ယန်လုံခြုံရေးစခန်း နေရာပြပုံ

*နိုင်ငံတကာသတင်းများ*

## ဓားစာခံများ လွှတ်မြောက်ရေးနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံခြားရေးဝန်ကြီး အရှေ့အလယ်ပိုင်းသို့ ရောက်ရှိ

**ဘန်ကောက် အောက်တိုဘာ ၃၁**

ထိုင်းနိုင်ငံခြားရေးဝန်ကြီးသည် အစ္စလာမ္မစ် ဟားမားစ်အဖွဲ့က အဓမ္မဖမ်းဆီးခေါ်ဆောင်သွားသော ထိုင်းနိုင်ငံသားများကို ကူညီနိုင်ရေးနှင့် ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးရန်အတွက် အရှေ့အလယ်ပိုင်းသို့ ရောက်ရှိနေကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပန်ပရီး ဘာဟီဒါနူကာရာသည် အောက်တိုဘာ ၃၁ ရက်တွင် ကာတာနိုင်ငံသို့ ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း၊ ဒိုဟာမြို့တွင် ဟားမားစ်အဖွဲ့၏ နိုင်ငံရေးဆိုင်ရာ ရုံးတစ်ရုံးရှိကြောင်းနှင့် အဖွဲ့ခေါင်းဆောင် အစ္စမေးလ် ဟာနီယာအပါအဝင် ထိပ်တန်းအရာရှိများ ထိုနေရာတွင် လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးခဲ့**

ထိုင်းနိုင်ငံ၏ ထိပ်တန်းသံတမန်သည် အစ္စရေးနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အီဂျစ်နိုင်ငံသို့လည်း သွားရောက်မည်ဖြစ်သည်။ အီဂျစ်နှင့် ကာတာနိုင်ငံတို့သည် ပြီးခဲ့သည့်သီတင်းပတ်က သက်ကြီးပိုင်း အစ္စရေးအမျိုးသမီး နှစ်ဦး လွှတ်မြောက်ရေးနှင့်ပတ်သက်ပြီး ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထိုင်းနိုင်ငံသား ၂၂ ဦးကို ဖမ်းဆီးခေါ်ဆောင်**

ပန်ပရီးအနေဖြင့် အဆိုပါဒေသတွင် ကြာသပတေးနေ့အထိ ရှိနေမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ ယခုလအစောပိုင်းတွင် အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဟားမားစ်အဖွဲ့က အလစ်အငိုက် ဝင်ရောက်စီးနင်းတိုက်ခိုက်မှုအတွင်း ထိုင်းနိုင်ငံသား ၂၂ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ထိုင်းအစိုးရက ပြောသည်။

ထို့အပြင် ထိုင်းနိုင်ငံသား ၃၂ ဦး သေဆုံးကြောင်းလည်း ထိုင်းအစိုးရက ဆက်ပြောသည်။ ထိုင်းနိုင်ငံသည် ဂါဇာကမ်းမြောင်တွင် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားသော ဓားစာခံများအားလုံးကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုထားသည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ရထားတိုက်မှုဖြစ်ပွား၊ ၁၄ ဦးသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၃၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒက်ရှ်ပြည်နယ်၌ အောက်တိုဘာ ၃၀ ရက်က ရထား မတော်တဆမှုဖြစ်ပွားခဲ့ရာ သေဆုံးသူပေါင်းမှာ ၁၄ ဦး အထိ ရှိလာပြီး ဒဏ်ရာရရှိသူပေါင်းမှာ ၅၀ အထိ ရှိလာပြီဖြစ်ကြောင်း အိန္ဒိယမီးရထားအရာရှိများက အတည်ပြုပြောကြားခဲ့သည်။

ရထားတိုက်မှုသည် တနင်္ဂနွေနေ့ ညနေပိုင်းက ဖြစ်ပွားခဲ့သည်။ ခရီးသည်တင် ရထားနှစ်စင်းသည် ဗီဇီရာနာဂရမ်ဒေသတွင် မတော်တဆမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အာဏာပိုင်များ၏ပြောကြားချက်အရ ခရီးသည်တင်ရထားတစ်စင်းသည် အချက်ပြစနစ်ကို သတိမထားမိဘဲ နောက်ထပ် ခရီးသည်တင် ရထားတစ်စင်းကို အနောက်မှ ဝင်တိုက်မိရာမှ မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူများကို ဆေးရုံများသို့ ပို့ဆောင်ခဲ့သည်။ ရထားတိုက်မှုဖြစ်ပွားရာတွင် လူ ၁၃ ဦး အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးခဲ့ပြီး နောက်ထပ်တစ်ဦးမှာ ဆေးရုံရောက်ပြီး ဆေးကုသမှုခံယူနေစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။

ရထားတိုက်မိမှု ဖြစ်ပွားပြီးနောက် ရထား ၃၃ စင်း ၏ ခရီးစဉ်များကို ဖျက်သိမ်းခဲ့ပြီး ခြောက်စင်းမှာ ခရီးစဉ်များ ပြန်လည်ပြင်ဆင်ခဲ့ရသည်။ ရထားတိုက်မိမှုမှာ ပြင်းထန်သဖြင့် ရထားနှစ်စင်းလုံး၏ ရထားတွဲများ အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့သည်။

ဒဏ်ရာရရှိသေဆုံးခဲ့သူများအတွက် လျော်ကြေးများ ပေးသွားမည်ဖြစ်ကြောင်း ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရအာဏာပိုင်များက ပြောသည်။ **ဆင်ဟွာ**



## ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၈၅၂၅ ဦးအထိ တိုးလာ

**ဂါဇာ အောက်တိုဘာ ၃၁**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့၏တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူပေါင်း ၈၅၂၅ ဦး အထိ တိုးတက်လာပြီဖြစ်ကြောင်း ဟားမားစ်ဦးဆောင်ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၃၁ ရက်တွင် စာရင်းထုတ်ပြန်လိုက်သည်။

သေဆုံးသူများအနက် ၃၅၄၅ ဦးမှာ ကလေးများဖြစ်ပြီး ၂၁၈၇ ဦးမှာ အမျိုးသမီးများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာ့ရှ်ရက်ဖ် အယ်လ်ကွက်ဒရာက ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ထို့အပြင် အစ္စရေးတို့၏ ဆက်လက်ပြုလုပ်လျက်ရှိသော လေကြောင်းတိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၂၁၀၀၀ ဒဏ်ရာရရှိခဲ့ကြောင်း ထပ်မံဖော်ပြထားသည်။ ဂါဇာကမ်းမြောင်ဒေသရှိ အကြီးဆုံးဆေးရုံဖြစ်သည့် အယ်လ်ရှီဖာဆေးရုံနှင့် မြောက်ပိုင်းအင်ဒိုနီးရှားဆေးရုံရှိ မီးအားပေးစက်များမှာလည်း မကြာမီလောင်စာဆီပြတ်ပြီး လုပ်ငန်းစဉ်များရပ်ဆိုင်းရတော့မည့် အခြေအနေဖြစ်ကြောင်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ထို့ကြောင့် စက်သုံးဆီ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ၊ ဆေးဘက်ဆိုင်ရာ အကူအညီများ၊ နိုင်ငံခြားဆေးကုသမည့်သူများအတွက် အီဂျစ်နှင့် ဂါဇာကမ်းမြောင်ဒေသကြား ရာဖာ့ဂိတ်ကို ဖွင့်ပေးရန် ပြောရေးဆိုခွင့်ရှိသူက တောင်းဆိုထားသည်။

ထို့အပြင် အစ္စရေးခြေလျင်တပ်များသည် မြောက်ပိုင်းဂါဇာသို့ အောက်တိုဘာ ၃၀ ရက်က ဝင်ရောက်လာပြီး ပါလက်စတိုင်းတို့ စခန်းချရာ အယ်လ်ကာရာမာသို့ ထွက်ခွာသွားကြောင်း ဟားမားစ် ဦးဆောင်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ရှန်ကျိုး - ၁၆ အာကာသယာဉ်မှူးများ ပေကျင်းသို့ ရောက်ရှိ

**ပေကျင်း အောက်တိုဘာ ၃၁**

တရုတ်နိုင်ငံ၏ ရှန်ကျိုး-၁၆ လူလိုက်ပါ အာကာသယာဉ်မှ အာကာသယာဉ်မှူး သုံးဦးသည် အာကာသစခန်းတွင် ငါးလကြာတာဝန်များ ထမ်းဆောင်အပြီး ကမ္ဘာမြေသို့ ဘေးအန္တရာယ်ကင်းစွာ ပြန်လည်ဆင်းသက်ရောက်ရှိလာပြီးနောက် အောက်တိုဘာ ၃၁ ရက်တွင် လေယာဉ်ဖြင့် မြို့တော်ပေကျင်းသို့ ရောက်ရှိလာကြောင်း သိရသည်။

၎င်းတို့သည်ဆေးဘက်ဆိုင်ရာသီးခြားစောင့်ကြည့်မှုကာလတစ်ခုသို့ ဝင်ရောက်မည်ဖြစ်ပြီး ပြီးပြည့်စုံသော ဆေးစစ်မှုများနှင့် ကျန်းမာရေးဆိုင်ရာ အကဲဖြတ်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်လူလိုက်ပါ အာကာသအေဂျင်စီက ပြောသည်။

ထိုကဲ့သို့ ဆောင်ရွက်ပြီးပါက ၎င်းတို့အနေဖြင့် မြို့တော်ပေကျင်းတွင် သတင်းထောက်များနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ **ဆင်ဟွာ**

# ကျောင်းဂုဏ်ဆောင်ချင်တယ်၊ လူမျိုးဂုဏ်ဆောင်ချင်တယ်၊ ဒါကြောင့် ကြိုးစားပြီး ယှဉ်ပြိုင်ခဲ့တာပါ

မဇော်မဆီး

**မဇော်မဆီး (ဒုတိယဆု၊ ကချင်)**
**မဟာဂီတအဆိုပြိုင်ပွဲ**

အခြေခံပညာ (၁၅-၂၀) မဟာဂီတ သီချင်းအဆိုပြိုင်ပွဲမှာ ဒုတိယဆုရရှိခဲ့တာပါ။ တိုင်းရင်းသားတစ်ယောက်အနေနဲ့ မဟာဂီတအဆိုပြိုင်ပွဲမှာ ဆုရရှိခဲ့တော့ ဝမ်းသာပါတယ်။ အရင်ကတော့ သီချင်းတွေဆိုပေမယ့် ဒီလိုသီချင်းကြီးတွေကို ဆိုဖြစ်မယ်လို့တောင်မထင်ဘူး။ ဒါပေမယ့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ဝင်ပြိုင်ဖြစ်တာက ကျောင်းဂုဏ်ဆောင်ချင်တယ်၊ လူမျိုးဂုဏ်ဆောင်ချင်တယ်၊ ဒါကြောင့် ကြိုးစားပြီး ယှဉ်ပြိုင်ခဲ့တာပါ။ တကယ်တော့ ဒီအခုပြိုင်ပွဲဟာ မျိုးဆက်သစ်တွေအတွက် အလွန်ကိုကောင်းတဲ့ ပြိုင်ပွဲကြီးတစ်ခုပါ။ မဟာဂီတကို သိပ်ပြီးမဆိုနိုင်ကြဘူး။ လီဆူတိုင်းရင်းသူတစ်ယောက်အနေနဲ့ မဟာဂီတသီချင်းကြီးတွေကို အခုလို ဆိုပြတဲ့အချိန်မှာ သူတို့ဆိုနိုင်ပါလားဆိုတာ အံ့သြသွားကြတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့လည်း ကြိုးစားပြီး ဝင်ပြိုင်ကြပါ။

**ဦးဟိန်းရာဇာ (ပထမဆု၊ ကရင်)**
**ကွက်စိပ်၊ မင်းသားအက၊ မင်းသမီး**
**အကပံ့ပိုးဆိုင်း**

ကရင်ပြည်နယ်ကိုယ်စားပြု ကွက်စိပ်ဇာတ်ပို့ဆိုင်းပထမဆု၊ မင်းသားအကဒုတိယဆုနဲ့ မင်းသမီးအက တတိယဆုပံ့ပိုးဆိုင်းအနေနဲ့ ဆုတံဆိပ်သုံးဆု ရရှိပါတယ်။ အရင်ကတော့ ကျင်းပတဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သုံးကြိမ်မြောက်ကနေစပြိုင်တာ ဆိုင်းပညာနဲ့ ရွှေတံဆိပ်ဆု ၂၄ ဆု ဆွတ်ခူးရရှိထားပါတယ်။ ပြိုင်ပွဲတွေမှာ စုစုပေါင်း ရွှေ ၂၅ ဆု၊ ငွေနဲ့ ကြေးတံဆိပ်ဆု အားလုံးပေါင်း ၅၀ ကျော်ပါပြီ။ ဒီနှစ်ပြိုင်ပွဲမှာတော့ လူငယ်မျိုးဆက်သစ်တွေ အများကြီးပါလာတယ်။ တော်တော်ကောင်းတာလည်း တွေ့ရတယ်။ လူငယ်မျိုးဆက်တွေ အင်မတန်တော်ကြပါတယ်။ ဆိုင်းပညာကို လူငယ်လေးတွေက ပြန်ပြီးတော့ ထိန်းသိမ်းတဲ့အတွက် ကျောင်းသားကျောင်းသူ အားလုံးကို ကျေးဇူးလည်းတင်တယ်။ ဂုဏ်လည်းယူတယ်။ ဒီကလေးတွေ ကျိန်းသေပေါက် ကျွန်တော်တို့ထက် ပိုတော်မှာပါ။

**မဝေဝေထွန်း (ပထမဆု၊ ရန်ကုန်)**
**အဆင့်မြင့်ပညာအဆင့်**
**မယ်ဒလင်အတီးပြိုင်ပွဲ**

မျှော်မှန်းထားတဲ့ဆုကို ရတဲ့အတွက် အလွန်ပဲပျော်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ရှေးတူရိယာတစ်ခုဖြစ်တဲ့ မယ်ဒလင်အတီးပညာကို ဆရာ့ဆီကအမွေဆက်ခံပြီး ပြိုင်ပွဲမှာ ဆုရတဲ့အတွက် ဝမ်းသာပါတယ်။ နောက်ထပ်ပြိုင်မယ့်သူတွေအနေနဲ့ ဒီလိုပြိုင်မယ်ဆိုရင် ကိုယ်တိုင်ကြိုးစားရတယ်။ အချို့က အစပဲလုပ်တယ် နောက်ပိုင်းအဖျားရှူးသွားတာမျိုးမဖြစ်စေဘဲ သေချာစိတ်ဝင်


မဇော်မဆီး


ဦးဟိန်းရာဇာ


မဝေဝေထွန်း


မအေးမြတ်မွန်


ဦးလွင်အောင်


မဆောင်းလင်းနွယ်


မောင်ရဲသူအောင်


မောင်နေခနေ်အောင်


မောင်မျိုးကို

တစား လေ့ကျင့်ဖို့လိုပါတယ်။ အခုလိုပြိုင်ပွဲကြီးတွေ ကျင်းပပေးတာ အလွန်ကောင်းပါတယ်။ ပြိုင်ပွဲတွေ နားထားတဲ့ ငါးနှစ်အတွင်းမှာ လုပ်နေကြတယ်ဆိုပေမယ့် ပြိုင်ပွဲမဟုတ်တဲ့အတွက် သိပ်ပြီး အားမထည့်ဘူး သာမန်ပဲ။ ဒါပေမယ့် အခုလိုပြိုင်ပွဲကြီးမှာဆိုတော့ အပြိုင်အဆိုင်တွေ ရှိတဲ့အတွက် ပိုပြီးအားသွန်ခွန်စိုက်လုပ်ရတယ်။ ဗဟုသုတနဲ့ အတွေ့အကြုံလည်း အများကြီး ရပါတယ်။

**မအေးမြတ်မွန် (ဒုတိယဆု၊ ကယား)**
**ခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲ**

အဆင့်မြင့်ပညာ (ခေတ်ဟောင်းကာလပေါ်) အဆိုပြိုင်ပွဲမှာ ခင်မွန်ရွှာသူ သီချင်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ပြီးတော့ ဒုတိယဆုရရှိပါတယ်။ ဒီပြိုင်ပွဲကို ဝင်ပြိုင်ဖြစ်တာက ငယ်ငယ်ကတည်းက သမီးရဲ့ အစ်မဖြစ်သူက ကျောင်းကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဝင်ပြိုင်ဖို့အတွက် လေ့ကျင့်နေတာကိုတွေ့ပြီး ဝါသနာပါသွားတာပါ။ အဲဒီနောက်ပိုင်းနှစ်တွေကတည်းက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာပါ။ ပြီးခဲ့တဲ့နှစ်ကလည်း ပြိုင်ခဲ့ဖူးပေမယ့် ဆုမရခဲ့ပါဘူး။ သမီးတို့အနေနဲ့ ယဉ်ကျေးမှုတွေကို ဆက်လက်မြှင့်တင်ထိန်းသိမ်းနိုင်တဲ့အတွက် ဝမ်းသာဂုဏ်ယူတယ်။ ဒီလိုပွဲမျိုးတွေကို ဆက်တိုက်လုပ်ပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**ဦးလွင်အောင် (ပထမဆု၊ ရန်ကုန်)**
**ခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲ**

ဝါသနာရှင် (ဒုတိယတန်း) ခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲမှာ ပထမဆု (ရွှေတံဆိပ်)ရရှိပါတယ်။ ဆရာသမားတွေရဲ့ ဂုဏ်ကျေးဇူးနဲ့ ကိုယ်တိုင်ကြိုးစားမှုနဲ့ ဒီဆုကို ရတာပါ။ ကျွန်တော်ကိုယ်တိုင်က အနုပညာအလုပ်လုပ်တယ်။ မြန်မာ့ဂီတအတွက် တတ်နိုင်တဲ့ဘက်က အမြဲတမ်းလုပ်သွားမှာပါ။ လူငယ်တော်တော်များများ မြန်မာသံကို ကြိုက်ကြပါတယ်။ တကယ်လည်း ချစ်ပါတယ်။ ကောင်းကောင်းဆိုရင် ကောင်းကောင်းနားထောင်ပါတယ်။ များများနားထောင်ပေးပါ။ ရင်ထဲရောက်ပါလိမ့်မယ်။ ဂီတသာမှ လူမျိုးသာမှာပါ။ အခုလို အနုပညာနဲ့ မြန်မာ့ဂီတကို နိုင်ငံတော်က မြှင့်တင်ပေးနေတာ ကျေးဇူးတင်ပါတယ်။ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နောက်နှစ်မှာကျရောက်မယ့် ငွေရတုမှသည် ရတုအဆက်ဆက်နောင်နှစ်ပေါင်းများစွာအထိ ကျင်းပနိုင်ပါစေ။

**မဆောင်းလင်းနွယ် (ပထမဆု၊ ရှမ်း)**
**အခြေခံပညာ(၁၀-၁၅)အဆင့် အကပြိုင်ပွဲ**

အခြေခံပညာအသက် (၁၀-၁၅) အဆင့် အကပြိုင်ပွဲမှာ ရှမ်းပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ပြီးတော့ ပထမဆုကို ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းကလည်း ဝင်ပြိုင်ခဲ့ပြီးတော့ တတိယဆုရရှိခဲ့ပါတယ်။ ဟိုး ရှေးယခင်ကတည်းက ထိန်းသိမ်းလာခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို အခုလိုပြိုင်ပွဲကြီးမှာ သမီးတို့လို မျိုးဆက်သစ်တွေနဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဂုဏ်ယူစွာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတာ တော်တော်လေးကံကောင်းလို့ပါ။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးဟာ သမီးအမြင်ကတော့ တော်တော်လေးကိုကောင်းတယ်။ လူငယ်တွေအကကို ဘယ်လို ကရမယ်။ ဘယ်လို ဆိုရမယ်။ ဘယ်လိုတီးရမယ်ဆိုတာ နားလည်သိရှိလာစေတဲ့အတွက် နိုင်ငံတော်အနေနဲ့ ဒီပြိုင်ပွဲကျင်းပပေးတာကို လေးစားဂုဏ်ယူပါတယ်။ သမီးကို ဒီဆုရရှိအောင် သင်ကြားပေးခဲ့တဲ့ ဆရာမနဲ့ နောက်ကနေပံ့ပိုးပေးခဲ့တဲ့ မိဘနှစ်ပါးကိုလည်း ကျေးဇူးတင်ပါတယ်။

**မောင်ရဲသူအောင်(ပထမဆု၊ တတိယဆု၊ စစ်ကိုင်း) မဟာဂီတနှင့် ခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲ**

အခြေခံပညာ အသက် (၁၀-၁၅) အဆင့် မဟာဂီတအဆိုပြိုင်ပွဲမှာ ဇေယျာအောင်သံ (ပတ်ပျိုး) သီချင်းနဲ့ သီဆိုယှဉ်ပြိုင်ပြီးတော့ ပထမဆုရရှိပါတယ်။ အခြေခံပညာ အသက် (၁၀-၁၅)အဆင့် ခေတ်ဟောင်းကာလပေါ် တေးသီချင်းအဆိုပြိုင်ပွဲမှာ “အရွယ်သုံးပါး”သီချင်းနဲ့ တတိယဆုရရှိပါတယ်။ အရင်နှစ် (၂၃)ကြိမ်မြောက်ပြိုင်ပွဲမှာတော့ မဟာဂီတ အဆိုပြိုင်ပွဲမှာ တတိယဆုရရှိခဲ့ပါတယ်။ ဒီသီချင်းတွေကို နှစ်လကျော်ကျော်လောက် လေ့ကျင့်သင်ကြားပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်တဲ့အတွက် ဝမ်းသာပါတယ်။

**မောင်နေခနေ်အောင် (ပထမဆု၊ မန္တလေး) မဟာဂီတအဆိုပြိုင်ပွဲ**

အခြေခံပညာ အသက် (၁၀-၁၅) အဆင့် မဟာဂီတအဆိုပြိုင်ပွဲမှာ ဇေယျာအောင်သံ(ပတ်ပျိုး) သီချင်းနဲ့ ပထမဆုရရှိပါတယ်။ ဒီဆုကို ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ဆရာမတွေ သင်ကြားပေးတဲ့ အချိန်ကစပြီး မဟာဂီတကို စိတ်ဝင်စားပါတယ်။ အခုလိုပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမယ်ဆိုရင် အသံမဝင်အောင်လုပ်ရမယ်၊ အသံချိုသာအောင်လုပ်ရမယ်၊ ဆိုပေါက်လှအောင်ဆိုရမယ်၊ ရှေးမူမပျက်ဆိုရမယ်။ ဒီလို ရွှေတံဆိပ်ဆုရရှိအောင် သင်ကြားပေးတဲ့ မန္တလေးကဆရာမကြီး ဒေါ်အေးအေးသင်း၊ ဒေါ်ခင်ခင်ငြိမ်း၊ ဒေါ်ဝါဝါရွှေနဲ့ ပံ့ပိုးပေးတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

**မောင်မျိုးကို (ဒုတိယဆု၊ ရန်ကုန်)**
**ဝါသနာရှင် (ဒုတိယတန်း)**
**စောင်းအတီးပြိုင်ပွဲ**

ဝါသနာရှင် (ဒုတိယတန်း) စောင်းအတီးပြိုင်ပွဲမှာ ဆဒ္ဒန်အိုင်သာ(သီချင်းခံ)နဲ့ တီးခတ်ယှဉ်ပြိုင်ပြီး ဒုတိယဆု ရရှိပါတယ်။ ဒီသီချင်းကို အမြဲတမ်းလေ့ကျင့်ဖြစ်တယ်။ ဗဟိုအဆင့်ပြိုင်ပွဲရောက်ဖို့ဆိုတာ မလွယ်ကူပါဘူး။ ဒီပြိုင်ပွဲမှာ ဒုတိယဆုရတာ ကံကောင်းတာပါ။ နောက်ထပ် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ဆိုင်းအဖွဲ့လိုက်(အတီး)ပြိုင်ပွဲမှာတော့ ရွှေတံဆိပ်ဆုရရှိပါတယ်။ ဆိုင်းအဖွဲ့လိုက်မှာ ကျွန်တော်က မောင်းတီးပါတယ်။ ပြီးခဲ့တဲ့နှစ် စောင်းတီးပြိုင်ပွဲမှာလည်း ရွှေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ ပြိုင်ပွဲမှာ ဆုရရှိအောင် စောင်းပညာကို သင်ကြားပေးခဲ့တဲ့ ဆရာတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီပြိုင်ပွဲကြီးကို ဦးဆောင်ပြီး ကျင်းပပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဇင်ဦး၊ ဟိန်းထက်ဇော်**
**ဓာတ်ပုံ - ဟိန်းဇင်**

# သွားရောက်ဖူးမြော်ကြမည် တာတိုင်ဘုရားများဆီ

မြတ်သူ

**"အမျိုးမှန်လျှင် ပဲခူးသို့လည်း ဆန်ရမည်" ဟူသည့် ဆိုရိုးစကားသည် ယနေ့တိုင် ပြောဆိုသုံးစွဲနေဆဲပင်။ ယင်းဆိုရိုးစကားအတိုင်းပင် ပဲခူးမြို့သို့ တစ်ခေါက်တစ်ခါ သွားရောက်လေ့လာကြည့်သင့်သည့်အရာများစွာက ယနေ့တိုင် ခရီးသွားပြည်သူ၊ ဘုရားဖူးပြည်သူများကို ဆွဲဆောင်နိုင်ဆဲ။ ကျုံးနှင့် နန်းမြို့ရိုးတို့ ပါဝင်သော မြို့တော်ဟောင်းနှင့် သမိုင်းဝင်စေတီပုထိုးများက ဝင့်ကြွားထည်ဝါခဲ့သည့် ဟံသာဝတီခေတ်သမိုင်းတစ်ခုကို ယနေ့အထိ သယ်ဆောင်ပေးထားသည်။**

ထေရဝါဒဗုဒ္ဓဘာသာသည် ဟံသာဝတီခေတ်တွင် စည်ပင်ထွန်းကားခဲ့သည်။ ထို့ကြောင့် ရှေးဟောင်းမြို့တော် ဟံသာဝတီ၏ အထွတ်အမြတ် သမိုင်းအမွေအနှစ်အဖြစ် ဗုဒ္ဓသာသနိကအဆောက်အအုံများ၊ စေတီပုထိုးများက သက်သေတည် ကျန်ရှိနေခဲ့သည်။ တစ်နည်းအားဖြင့် ဟံသာဝတီခေတ် လူမှုစီးပွားကို ပြန်လည်လေ့လာနိုင်မည့်အရာများလည်း ဖြစ်သည်။

**တာတိုင်ဘုရား ၁၁ ဆူ ဒေသနှစ်ခု၌ တည်ရှိ**

ထိုသို့ လေ့လာရာတွင် ဟံသာဝတီခေတ် ကူးသန်းသွားလာရေးအတွက် ပဲခူးဟံသာဝတီမှ တစ်ဆင့် သန်လျင်ပင်လယ်ဝအထိ ရေလမ်းခရီး လမ်းကြောင်းကို ဆက်သွယ်သွားလာရန် အသုံးပြုခဲ့ကြသည်။ ကုန်းလမ်းကြောင်းအတွက်လည်း ဟံသာဝတီ- သန်လျင်လမ်းကြောင်းကို အသုံးပြုခဲ့ကြသည်။ ယင်းလမ်းကြောင်းကို ဒိုးလမ်းကြောင်းဟုလည်း ခေါ်ဆိုကြပြီး ပဲခူးဟံသာဝတီနှင့် သန်လျင် အစုန်အဆန်ခရီးအတွက် ရေလမ်းကြောင်းကို အသုံးပြုစရာမလိုဘဲ ရာသီမရွေး အတိုဆုံး၊ အမြန်ဆုံး သွားလာရောက်ရှိနိုင်သည့် ကုန်းလမ်းကြောင်းကို ရည်ညွှန်းသည်။ ထိုသို့ လျင်လျင်မြန်မြန် ဆက်သွယ်သွားလာနိုင်ရန် အသုံးပြုခဲ့သည့် ဒိုးလမ်းပေါ်တွင် ဟံသာဝတီဘုရင်များက စေတီများ တည်ထားကိုးကွယ်ခဲ့ကြသည်။ ယင်းဘုရားများကို တာတိုင်ဘုရားများဟုလည်း ခေါ်ဝေါ်ကြသည်။ လက်ရှိတွင် တာတိုင်ဘုရား ၁၁ ဆူသည် ပဲခူးနှင့် ရန်ကုန်ဒေသနှစ်ခု၌ တည်ရှိသည်။

ယနေ့ခေတ် ဆက်သွယ်ရေးလမ်းကြောင်းသည် အင်္ဂလိပ်ခေတ်ကာလက ဖောက်လုပ်ခဲ့သော ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ ရထားလမ်းဟောင်း လမ်းကြောင်းအတိုင်း ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်ကားလမ်းကို ဖောက်လုပ်အသုံးပြုနေခြင်း ဖြစ်သည်။

"ဟံသာဝတီခေတ် လူမှုဘဝတွေကို ဒီဒိုးလမ်းကြောင်းနဲ့ တာတိုင်ဘုရားတွေက တစ်ဆင့် လေ့လာကြည့်လို့လည်း ရပါတယ်။ ဒါပေမယ့် ခေတ်ကာလက ရွေ့လျားလာတာကြာပြီဖြစ်တဲ့အတွက် ထင်ထင်ရှားရှားရှိတဲ့ အရာတွေလည်း ရှိသလို သေချာအောင်ထပ်ပြီး ဆန်းစစ်ဖို့လိုတဲ့ အရာတွေလည်း ရှိပါတယ်။ ဒီဒိုးလမ်းကြောင်းနဲ့ တာတိုင်ဘုရားတွေကို တပ်မတော်က တာဝန်ရှိသူတွေ၊ သက်ဆိုင်ရာဌာနတွေက တာဝန်ရှိသူတို့ ပူးပေါင်းပြီး အခုနှစ် မေလတုန်းက ကွင်းဆင်း သုတေသနပြုလုပ်ခဲ့ကြပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောပြသည်။



ရွှေမော်ဓောစေတီတော်မြတ်ကြီး

**တာတိုင်စေတီများ တည်ရှိရာလမ်းကြောင်းသည် အစဉ်လိုက်**

တာတိုင်စေတီများ တည်ရှိရာ လမ်းကြောင်းသည် ရွှေမော်ဓောဘုရားမှအစပြု၍ ကျိုက်ပဒိုင်(ရွှေတိဂုံလေး)စေတီ၊ မိုးခိုင်ကြီး(ကျိုက်မူးကမော့နွတ်)စေတီ၊ ကျိုက်မတ်ကော်စေတီ၊ မိုးဂနိန်း(ကျိုက်သို့ပုသိမ်)စေတီ၊ ကျိုက်ခရုစေတီ၊ ကျိုက်မထီးစေတီ၊ ရဲမွန်စေတီ၊ မြသိန်းတန်စေတီ၊ ကျိုက်သမွန်ခေါ် နံ့ယောဘုရားနှင့် ကျိုက်ခေါက်ဘုရားအထိ အစဉ်လိုက်ဖြစ်သည်။

တာတိုင်ဘုရားများ စတင်ရာ ရွှေမော်ဓောဘုရားသည် တိုင်းသိပြည်သိ ထင်ရှားသည့် စေတီအမော်ဖြစ်သည်။ ဘုရားဝန်းကျင်သည် ဘုရားဖူးလာ ခရီးသွားဧည့်သည်များဖြင့် အမြဲစည်ကား နေသည်။ ရွှေမော်ဓောဘုရားသည် ငလျင်ဒဏ်အကြိမ်ကြိမ် ခံခဲ့ရသည့်အတွက် ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ကြပြီး စည်ကားခမ်းနားသည့် ပဲခူးရွှေမော်ဓောဘုရားပွဲတော်ကြီးကို တန်ခူးလတွင် ကျင်းပလေ့ရှိသည်။

**စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိ**

ပဲခူးမြို့ ရွှေမော်ဓောစေတီမြတ်ကြီး၏ တောင်ဘက် ဆံတော်တွင်းလမ်းမကြီးအတိုင်း သွားရောက်၍ ကျိုက်ပဒိုင်စေတီတော်ကြီးကို ဖူးမြော်နိုင်သည်။ တာတိုင်စေတီတစ်ဆူဖြစ်သည့် ကျိုက်ပဒိုင်(ရွှေတိဂုံလေး)စေတီသည် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကြီးကျေးရွာအနီးတွင် တည်ရှိသည်။ ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော်ကြီးရှိပြီးဖြစ်သဖြင့် မြတ်စွာဘုရားဆံတော်များကို ကိန်းဝပ်တည်ထားကိုးကွယ်ခြင်းကြောင့် ရွှေတိဂုံလေးဟု ဘွဲ့တော်ပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။ ဆံတော်ရှင် ရွှေတိဂုံလေးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပေါင်းလပြည့်နေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

ရွှေမော်ဓောဘုရားမှ တတိယမြောက် တာတိုင်ဘုရားမှာ ကျိုက်မူးကမော့နွတ် ဖြစ်သည်။ ကျိုက်မှာ ဘုရား၊ မူးမှာ အမွန်း၊ ကမော့မှာကျော်၊ နွတ်မှာ အကြီး ကျောက်စွန်းဘုရားကြီးဟု အဓိပ္ပာယ်ရသည်။ လှေကား၊ မဟာရံတံတိုင်းများကို ဂဝံကျောက်များဖြင့် တည်ဆောက်ထားခြင်းက ကျိုက်မူးကမော့နွတ်စေတီ၏ ထူးခြားချက်ဖြစ်သည်။ မူလစေတီတော်လက်ရာများ ပျက်စီးယိုယွင်းနေပြီဖြစ်သည့်အတွက် ပြုပြင်ရန် လိုအပ်လျက်ရှိသည်။ လက်ရှိတွင် မူလစေတီတော်ဟောင်းပေါ်၌ ဒေသခံများ ပူဇော်တည်ထားသည့် စေတီတော်ကို ဖူးမြော်နိုင်သည်။

"ရွှေမော်ဓောစေတီကနေ ကျိုက်မူးကမော့နွတ်စေတီအထိက အရင်ခေတ်နဲ့ လမ်းကြောင်းက ထပ်တူနီးပါးကျတယ်။ ကျိုက်မူးကမော့နွတ်စေတီနဲ့ ကျိုက်မတ်ကော်စေတီကြားမှာကျတော့ လမ်းကြောင်းနဲ့ အနောက်ဘက်ကို တိမ်းစောင်းသွားတယ်။ တစ်ခါ ကျိုက်မတ်ကော်စေတီကနေ ကျိုက်ခရုစေတီအထိ ကျတော့ လမ်းကြောင်းက အရင်ဒိုးလမ်းနဲ့ ထပ်တူနီးပါးရှိတယ်။ ကျွန်တော်တို့အဖွဲ့တွေ ကွင်းဆင်းတဲ့အခါ ဓွဲကိုက်ရွာကနေ ကျိုက်ခရုစေတီတော်အထိက အသုံးပြုနေတဲ့ လမ်းမရှိတဲ့အတွက် လယ်ကွင်းထဲကနေ ဖြတ်သန်းသွားခဲ့ရတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းပြသည်။

**လမ်းကြောင်းသည် ထပ်တူမကျဘဲ ကွဲလွဲမှုများရှိနေ**

ထိုသို့လေ့လာကွင်းဆင်းမှုများအရ ပဲခူးရွှေမော်ဓောစေတီတော်မှ ကျိုက်ခရုစေတီတော်အထိ လမ်းကြောင်းနှင့် မြသိန်းတန်စေတီမှ ကျိုက်သမွန် (ခေါ်) နံ့ယောစေတီအထိ လမ်းကြောင်းတို့သည် တစ်ဖြောင့်တည်း တည်ရှိပြီး ယခင်မှန်းဆဒိုးလမ်းနှင့် တူညီမှုများစွာ ရှိသည်။ ကျိုက်ခရုစေတီနှင့် မြသိန်းတန်စေတီအကြား လမ်းကြောင်းသည် ရေနက်ကွင်းဖြစ်ပြီး ရေဖုံးလွှမ်းမှုများကြောင့် လက်ရှိကာလတွင် သွားလာရလွယ်ကူသည့် ကုန်းမြင့်ပိုင်းများမှ လမ်းဖောက်လုပ် အသုံးပြုနေသည့်အတွက် တစ်ဖြောင့်တည်းမရှိဘဲ မှန်းဆဒိုးလမ်းကြောင်းနှင့် ထပ်တူမကျဘဲ ကွဲလွဲမှုများရှိနေကြောင်း သိရသည်။

**စေတီ၏ ထုလုပ်ထားပုံမှာ လက်ရာမြောက်ပြီး ထူးခြားလှ**

ကဝမြို့နယ်အတွင်း ကျိုက်မတ်ကော်စေတီ၊ မိုးဂနိန်း(ကျိုက်သို့ပုသိမ်)စေတီနှင့် ကျိုက်ခရုစေတီတို့ တည်ရှိသည်။ ကျိုက်မတ်ကော်စေတီသည် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ဖလေးရွာတွင် တည်ရှိသည်။ ကျိုက်မတ်ကော်စေတီသည် မြန်မာနိုင်ငံတွင် ဉာဏ်တော် စတုတ္ထအမြင့်ဆုံးနှင့် ထီးတော် ဒုတိယအကြီးဆုံး စေတီတော်ကြီး ဖြစ်သည်။ စေတီ၏ ပန်းတင်ခုံပေါ်တွင် ရဟန္တာ ၅၀၀ ဆွမ်းခံကြွပုံ ထည့်သွင်းထုလုပ်ထားပုံမှာ လက်ရာမြောက်ပြီး ထူးခြားလှသည်။

မိုးဂနိန်း(ကျိုက်သို့ပုသိမ်)စေတီသည်လည်း ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် တည်ရှိပြီး တာတိုင်ဘုရား ၁၁ ဆူအနက် ငါးဆူမြောက်ဘုရား ဖြစ်သည်။ ပဲခူး-သန်လျင် ကားလမ်းမှဖြစ်စေ၊ ကဝ-အုန်းနဲ့လမ်းဘေးရှိ ညောင်ပင်လေးဆိပ်မှဖြစ်စေ၊ မိုးတွင်းအခါ ကဝ-သက္ကလရေလမ်းကြောင်းအတိုင်း ဖြစ်စေ သွားရောက်ဖူးမြော်ကြည်ညိုနိုင်သည်။ ရာသီဥတုဘေး၊ သဘာဝဘေးများကြောင့် စေတီတော်ကြီးသည် ပျက်စီးယို့ယွင်းလာခဲ့သည့်အတွက် ပဲခူးမြို့ ၁၀ မိုင်ကုန်း ပတ္တမြားကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရက ပြန်လည်ပြုပြင်ပူဇော်ထားကြောင်း ဒေသခံများဆီမှ သိရသည်။

ထုံးသင်္ကန်းဖြူဖြူဖြင့် သပ္ပာယ်ကြည်ညိုဖွယ်ကောင်းလှသည့် ကျိုက်ခရုစေတီသည်လည်း ကဝမြို့နယ်၌ တည်ရှိသည်။ သမိုင်းဝင် စေတီတော်ကြီးတစ်ဆူဖြစ်သည့်အတွက် စေတီတည်ရှိရာ ကန်ဘဲ့ရွာခံများသာမက အထုံ၊ဇီးဖြူကုန်း၊ကန်ပေါက်စသည့် ကျေးရွာနေပြည်သူများကပါ ဝိုင်းဝန်း ပူဇော်ထားရှိသည်။

တာတိုင်ဘုရား ၁၁ ဆူနက် ကျိုက်မထီးစေတီ၊ ရဲမွန်စေတီ၊ မြသိန်းတန်စေတီ၊ ကျိုက်သမွန်(ခေါ်) ကျိုက်နံ့ယောစေတီနှင့် ကျိုက်ခေါက်ဘုရားတို့သည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်အတွင်း တည်ရှိသည်။

**စေတီတော်တွင် ရှေးဟောင်းအုတ်လက်ရာများ လေ့လာတွေ့ရှိ**

တာတိုင်ဘုရား ခုနစ်ဆူမြောက် ကျိုက်မထီးစေတီသည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ပဇင်းနီကန်ရွာတွင် တည်ရှိသည်။ ရွှေအင်တုံဘုရားဟုလည်း ခေါ်ဆိုကြသည်။ ရှစ်မြောင့်ပုံစေတီတစ်ဆူဖြစ်ပြီး စေတီတော်တွင် ရှေးဟောင်းအုတ် လက်ရာများကို လေ့လာတွေ့ရှိနိုင်သည်။

သန်လျင်ခရိုင်အတွင်း တည်ရှိသည့် ရဲမွန်စေတီသည် တာတိုင်ဘုရားရှစ်ဆူမြောက်စေတီဖြစ်သည်။ မွန်ဘာသာအရ ရဲစွမ်းသတ္တိရှိသော မွန်လူမျိုး၊ ဆွေမျိုးစုဟု အဓိပ္ပာယ်ရသည်။ ရဲမွန်စေတီတော်ကို ခရမ်းမြို့ ကမာကလူကျေးရွာတွင် သွားရောက်ဖူးမြော်နိုင်ပြီး စေတီစတင်တည်ထားစဉ် အသုံးပြုသည့် ကန်တော်မင်္ဂလာသည် ယခုအချိန်အထိ တည်ရှိနေသည်။ ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလပြည့်နေ့တိုင်း ကျင်းပလေ့ရှိကြောင်း သိရသည်။ သန်လျင်ခရိုင်အတွင်း တည်ရှိသည့် စေတီတစ်ဆူမှာ မြသိန်းတန်စေတီဖြစ်သည်။ မြသိန်းတန်စေတီသည် သုံးခွမြို့နယ် ရှမ်းစုရွာတွင် တည်ရှိသည်။ တာတိုင်ဘုရား ၁၁ ဆူအနက် ကိုးဆူမြောက်ဘုရားဖြစ်သည်။ ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စေတီတော်တိုးတက်စည်ကားရေးကို ဒေသခံများက လိုလားလျက်ရှိသည်။ မြသိန်းတန်စေတီဘုရားပွဲကို

*စာမျက်နှာ ၁၇သို့*

❂ **တာတိုင်ဘုရားများ စတင်ရာ ရွှေမော်ဓောဘုရားသည် တိုင်းသိပြည်သိ ထင်ရှားသည့် စေတီအမော်ဖြစ်သည်။ ဘုရားဝန်းကျင်သည် ဘုရားဖူးလာ ခရီးသွားဧည့်သည်များဖြင့် အမြဲစည်ကားနေသည်။ ရွှေမော်ဓောဘုရားသည် ငလျင်ဒဏ် အကြိမ်ကြိမ်ခံခဲ့ရသည့်အတွက် ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ကြပြီး စည်ကားခမ်းနားသည့် ပဲခူးရွှေမော်ဓောဘုရားပွဲတော်ကြီးကို တန်ခူးလတွင် ကျင်းပလေ့ရှိ**

# ပဲခူးမြို့၌ ပြည်သူများအတွက် ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်

**ပဲခူး အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပဲခူးမြို့နယ်နေပြည်သူများ၏ အခြေခံလိုအပ်ချက်များကို တစ်နေရာတည်းတွင် အဆင်ပြေစွာ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop-OSS)ကို အောက်တိုဘာ ၃၁ ရက်က ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)ကို ပဲခူးမြို့ သီရိဥဿာဈေးကြီး၏အပေါ်ထပ်တွင် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့မှ ရုံးခန်းဖွင့်လှစ်ထားရှိကာ ပြည်သူများ၏ လိုအပ်ချက်များကို ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။



ပြည်သူများအနေဖြင့် မိမိတို့ဆောင်ရွက်လုပ်ကိုင်လိုသည်များအား ပြည်သူ့ဝန်ဆောင်မှုရုံး၌ ဖွင့်လှစ်ထားရှိသည့် စုံစမ်းရန်ဆိုသည့်ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပြီး သက်ဆိုင်ရာဦးစီးဌာနတွင် ဆောင်ရွက်လုပ်ကိုင်နိုင်ကြောင်း သိရသည်။

**မောင်ယဉ်ဦး**

# ပခုက္ကူမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီး

**ပခုက္ကူ အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ အသက်ကိုးနှစ်ပြည့်ပြီး ၁၂ နှစ်အတွင်း အမျိုးသမီးငယ်များအား ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး(HPV)ကို အောက်တိုဘာ ၁၆ ရက်မှ စတင်ကာ ထိုးနှံပေးလျက်ရှိရာ ယခုအခါ ၇၇ ရာခိုင်နှုန်းအထိ လွှမ်းခြုံထိုးနှံပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ပခုက္ကူမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးဆန်းမင်းအောင်၏ ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိ ဒေါ်တင်တင်ခိုင်ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းဆေးထိုးအဖွဲ့က ပြည်သူလူထုအခြေပြုသားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ပခုက္ကူမြို့ရှိ ဒေသန္တရကျန်းမာရေးဌာနခွဲ(၁)နှင့်(၂)တို့၌ အောက်တိုဘာ ၁၆ ရက်မှ စတင်ထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၂၇ ရက်အထိ အမျိုးသမီးငယ် စုစုပေါင်း ၁၈၃၂ ဦးတို့အား ထိုးနှံပြီးစီးခဲ့ကြောင်း၊ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံမည့် ရည်မှန်းဦးရေမှာ ၂၃၈၄ ဦးဖြစ်ပြီး ကျန်ရှိနေသေးသည့် အမျိုးသမီးငယ်များကို ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ဖျာပုံမြို့ မြို့မဈေးကြီး၌ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

**ဖျာပုံ အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် မီးဘေးအန္တရာယ် ကြုံတွေ့လာပါက လျင်မြန်တုံ့ပြန် မီးငြိမ်းသတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို မြို့မဈေးကြီး၌ အောက်တိုဘာ ၃၀ ရက်က အဆိုပါဈေးရှေ့တွင် ဆောင်ရွက်သည်။




ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနလက်ထောက်မီးသတ်ဦးစီးမှူး ဦးသက်လွင်က မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်း ပြောကြားခဲ့ပြီး မီးသတ်ဆေးဘူးကို အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ဆီမီးလောင်မှုကို ဖုံးအုပ်ငြိမ်းသတ်နည်း၊ ဂတ်စ်မီးလောင်မှုကို ငြိမ်းသတ်နည်းနှင့် ဈေးရုံကြီး မီးဘေးလုံခြုံရေးအတွက် ရေစိုသရုပ်ပြလေ့ကျင့်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ကြသည်။

**အောင်ဝင်းနိုင်**

# ကျောက်ဆည်မြို့နယ် သံပရိုစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဥယျာဉ်ခြံမြေနှင့် ကိုင်း၊ ကျွန်းမြေများတွင် နှစ်ရှည်သီးနှံပင်များဖြစ်သော သရက်၊ သံပရို မာလကာ စသည့်သီးနှံများနှင့် ကာလတို ဟင်းသီးဟင်းရွက်များဖြစ်သော နံနံ၊ ဆလတ်၊ ဘူး၊ မုန်ညင်း၊ ခဝဲ၊ ကြက်ဟင်းခါး စသည့် သီးပင်စားပင်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆည်ကုန်းကျေးရွာမှ သံပရိုစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အတွင်းရှိ သံပရိုစိုက်တောင်သူများအနေဖြင့် ကိုင်းကူးမျိုးကို အဓိကထား စိုက်ပျိုးကြကြောင်းနှင့် ကိုင်းကူးမျိုးသည် စိုက်ပျိုးပြီးတစ်နှစ်အကြာတွင် စတင်ခူးဆွတ်ရပြီး သုံးနှစ်အရွယ်တွင် အသီးများဖြိုင်ဖြိုင်သီးလာကြောင်းနှင့် သံပရိုစိုက်ပျိုးမည်ဆိုပါက အပင်သန်မာစေရန်နှင့် ကိုင်းဖြာထွက်မှု ကောင်းမွန်စေရန်အတွက် မြေအမျိုးအစားအပေါ်မူတည်၍ တစ်ပင်နှင့်တစ်ပင် ၁၆ ပေ မှ ၁၈ ပေ အကွာ အတန်းလိုက် အမျိုးမျိုးစိုက်ပျိုးမှသာ နေရောင်ခြည် ကောင်းစွာရရှိပြီး လေဝင်လေထွက်ကောင်း၍ လှပသောအသီးများရရှိမည်ဖြစ်ကြောင်း၊ သံပရိုပျိုးပင်တစ်ပင်ကို ငွေကျပ်ရှစ်ရာဖြင့်ဝယ်ယူပြီး အပင် ၁၀၀ စိုက်ပျိုးထားသည့် ဦးမြင့်သိန်းကိုက ပြောသည်။

**သက်မောင်(ကျောက်ဆည်)**



# မြို့သစ်မြို့နယ်၌ မိုးစပါး ၆၄၁၁၂ ဧက အောင်မြင်ဖြစ်ထွန်း

**မြို့သစ် အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ဆန်စပါးဖူလုံပိုလျှံရေး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ပျိုးရာ ၆၄၁၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲများရှိသော်လည်း သိပ္ပံနည်းကျ ပျိုးထောင်စိုက်ပျိုးမည်ဆိုပါက စပါးတစ်ဧကအတွက် မျိုးစေ့ ၁၀ ပြည်အသုံးပြုရကြောင်းနှင့် ပျိုးသက်နုချိန် စပါးပျိုးသက် ၂၅ ရက်သားအရွယ်တွင် ပြောင်းရွှေ့စိုက်ပျိုးရပြီး စိုက်ပျိုးရာတွင် ခြောက်တန် တစ်တန်းလှပ်စနစ်ဖြင့် စိုက်ပျိုးပြီး ကောက်ကွက်တစ်ကွက်တွင် ပျိုးပင်နှစ်ပင်မှသုံးပင်နှုန်း၊ တန်းကြားရှစ်လက်မ၊ ပင်ကြားခြောက်လက်မစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး ၁၅ ရက်တွင် ရေတင်ခြင်း၊ မြေဩဇာကျွေးခြင်း၊ ပေါင်းနုတ်ခြင်း၊ကောက်ကွက်ဖာခြင်းများ ပြုလုပ်ရကြောင်း၊ ၄၅ ရက်ရောက်ရှိပါက ဒုတိယအကြိမ်ရေတင်ခြင်း၊ မြေဩဇာကျွေးခြင်း၊ ပေါင်းနုတ်ခြင်းများ ဆောင်ရွက်ပြီး ၆၅ ရက်တွင် စပါးနှံ့ သန္ဓေကပ်ချိန်ဖြစ်၍ ရက်ပေါင်း ၁၀၅ ရက်ရောက်ရှိချိန်တွင် မြေဩဇာကျွေးခြင်းများ ထပ်မံပြုလုပ်ရကြောင်း၊ ရက်ပေါင်း ၁၃၅ ရက် ကျော်လွန်ပါက စပါးရိတ်သိမ်းခြင်းများ ဆောင်ရွက်ရကြောင်း သိရသည်။

**သန်းဝင်းထွန်း (ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

နှစ်စဉ် တပို့တွဲလပြည့်နေ့မှ စတင်၍ ငါးရက်ကြာ ကျင်းပလေ့ရှိကြောင်း သိရသည်။

"ရှေးဟောင်းမွန်ဘုရားကြီးဆိုတာကို သိတဲ့သူရှိပေမယ့် မသိတဲ့သူက များပါတယ်။ ကျွန်တော်တို့ ဒေသခံတွေကတော့ ဒီဘုရားကြီးကို နောင်သားစဉ်မြေးဆက်အထိ ရှိစေချင်တယ်။ ဒီလိုပဲ တခြားနေရာတွေက ပြည်သူတွေကိုလည်း သိရှိစေချင်တယ်။ ဘုရားဖူးလာစေချင်တယ်။ အခုကတော့ သိလို့လာဖူးတဲ့သူက မရှိသလောက်ပါပဲ။ ဒီဘုရားကြီးမှာ ဘုရားတွေ စည်ကားပြီး ကျွန်တော်တို့ ဒေသလည်း ဆက်စပ်တိုးတက်စေချင်တယ်။" ဟု မြသိန်းတန်စေတီ ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ကျိုက်သမွန်ဟူသည့် အခေါ်အဝေါ်သည် ဒေသတွင် မသုံးနှုန်းဘဲ သန်လျင်ခရိုင် နံ့ယောကျေးရွာအနီးတွင် ရှိသည့်အတွက် နံ့ယောဘုရားဟုသာ ဒေသခံများက ခေါ်ဆိုကြသည်။ ဒေသခံများ ခေါ်ဆိုသည့် နံ့ယောစေတီသည် တာတိုင်ဘုရား ၁၁ ဆူအနက် ၁၀ ဆူမြောက်ဟု ယူဆထားကြသည်။ အဘယ်ကြောင့်ဆိုသော် အခြားတာတိုင်ဘုရားများနှင့် လမ်းကြောင်းတူ တည်ရှိခြင်း၊ ဘုရားတည်ရာတွင် အသုံးပြုထားသည့် အုတ်အရွယ်အစားများ တူညီနေခြင်း၊ မြသိန်းတန်စေတီအနီးတွင် တည်ရှိခြင်း၊ တံတိုင်းအကြွင်းအကျန်များ တည်ရှိခြင်း စသည့် အချက်များကြောင့် ၁၀ ဆူမြောက်စေတီအဖြစ် ယူဆ သတ်မှတ်ထားခြင်းဖြစ်သည်။ သို့သော် သမိုင်းဆိုင်ရာအထောက်အထား၊ အချက်အလက်များဖြင့် ထပ်မံသုတေသနပြုမှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ရင်ပြင်တော်ကို ကျောက်ပြားအနီဖြင့် ခင်းကျင်းထားမှုမှာ ထူးခြားမှုတစ်ခု**

တာတိုင်ဘုရား ၁၁ ဆူမြောက်သည် ကျိုက်ခေါက်ဘုရားဖြစ်သည်။ ရန်ကုန်မြစ်နှင့် ပဲခူးမြစ်ဆုံရာ၊ သန်လျင်မြို့တောင်ဘက် သန်လျင်-ကျောက်တန်းလမ်းအနီး ဥတ္တရင်္ဂကုန်းပေါ်၌ ကိန်းဝပ်တော်မူလျက်ရှိသည့် ကျိုက်ခေါက်ဘုရားသည် လူသိများ ထင်ရှားသည်။ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာတွင် တည်ရှိပြီး စေတီတွင် ရှေးမွန် ဗိသုကာပညာရပ်များကို လေ့လာတွေ့ရှိနိုင်သည်။ စေတီရင်ပြင်တော်ကို မြန်မာနိုင်ငံအထက်ပိုင်းမှ ကျောက်ပြားအနီများဖြင့် စနစ်တကျ ဆစ်ချောခင်းကျင်းထားမှုမှာလည်း ထူးခြားမှုတစ်ခု ဖြစ်သည်။

တာတိုင်စေတီများ တည်ရှိရာ ရွှေမော်ဓော ဘုရားမှသည် ကျိုက်ခေါက်ဘုရားအထိ စေတီအမွန် ၁၁ ဆူကိုအဆူဆူအလိုက် လေ့လာဖူးမြော်ရင်း ဘုရားဖူးပြည်သူများအနေဖြင့် လိုအပ်နေသည့် စေတီတော် တိုးတက်ရေးကိစ္စရပ်များတွင် ပါဝင်လှူဒါန်းရင်း ကုသိုလ်ပြုနိုင်ပါသည်။ ထို့အတူ စေတီအမွန် ၁၁ ဆူ၏ ရှေးလက်ရာများကိုလည်း လေ့လာနိုင်ပါသည်။ သို့တင်မကဘဲ ရှေးခေတ်ဟံသာဝတီမှသည် မျက်မှောက်ခေတ်အထိ ပြောင်းလဲလာသည့် ဒေသလူမှုစီးပွားဘဝများကိုလည်း လေ့လာနိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးပြည်သူများ၊ ခရီးသွားပြည်သူများအနေဖြင့် တာတိုင်စေတီများဆီသို့ တစ်ခေါက်တစ်ခါဖြစ်ဖြစ် ကုသိုလ်ပြုသွားရောက်ဖူးမြော်နိုင်ကြပါရန် နှိုးဆော်တင်ပြလိုက်ရပါသည်။ ။

# နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တပညာဝံသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁၀/တောင် (၁၂) ရပ်ကွက် ဇေယျဝတီ(၂)လမ်း ဓမ္မမာမကကျောင်းတိုက် ဦးစီးပဓာန နာယက ဝေဠုဝန်နိကာယဂိုဏ်း ဂဏာဓိပတိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တပညာဝံသ သက်တော် (၁၀၄)နှစ်၊ သိက္ခာ (၈၄)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ အောက်တိုဘာ ၃၀ ရက် ညနေ ၅ နာရီ ၅၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့နှင့်ကျန်းမာရေးဝန်ကြီးဌာနနယ်လှည့်အထူးကု ဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဗဟိုတံတားမှ ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ယာပုံ)**



အဆိုပါ နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေ ထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်းနှင့် ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင်အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများ ဆောင်ရွက်ပေးရန်အတွက် ဆေးရုံရေယာဉ်ပေါ်တွင် လူနာ ၃၀ အထိ တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွား/မီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များလည်း ပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ကမ်းရိုးတန်းဒေသတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၃၁**


တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်း ပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ)မှ ထွက်ခွာကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။**(အောက်ပုံ)**

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)တွင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့်သူနာပြုရဲမေများလိုက်ပါသွားကာ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်း ပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ECG စက်၊ X-Ray စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ် စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင် (၁၂)ရပ်ကွက်၊ ဇေယျဝတီ(၂) လမ်း၊ ဓမ္မမာမကကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဝေဠုဝန်နိကာယဂိုဏ်း ဂဏာဓိပတိ ဆရာတော် ဘဒ္ဒန္တပညာဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာ၊ ခမည်းတော် ဦးတင့်+မယ်တော် ဒေါ်ဖွားရှင်တို့မှ ၁၂၈၂ - ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၇-ခုနှစ်တွင် ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာ စမ္ပါယ်ရုံကျောင်းဆရာတော် ဘဒ္ဒန္တသောမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၃ - ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့တွင် စမ္ပါယ်ရုံကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော်ဘဒ္ဒန္တသောမကို ဥပဇ္ဈာယ်ပြုလျက် ခင်မွန်ကျေးရွာနေ ဒါယိကာမကြီး ဒေါ်ဥာဏ်၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာ၊ စမ္ပါယ်ရုံကျောင်းဆရာတော် ဘဒ္ဒန္တသောမ၊ ရွှေဘိုမြို့နယ်၊ မင်းရွာကျောင်းဆရာတော် ဘဒ္ဒန္တလက္ခဏ၊ မန္တလေးမြို့၊ အနောက်ပြင်၊ စိန်ပန်းဓမ္မိကာရုံ ကျောင်းဆရာတော် ဘဒ္ဒန္တနရပတိ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက် ဆရာတော်စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သာကေတမြို့နယ်၊ ၁၀/တောင်(၁၂)ရပ်ကွက်တွင် ဓမ္မမာမကကျောင်းတိုက်ကို တည်ထောင်၍ စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ၁၃၄၄- ခုနှစ်မှစ၍ ဝိနည်းဓိုရ်ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ၁၃၇၀-ပြည့်နှစ်တွင် ဝေဠုဝန်နိကာယဂိုဏ်းကြီး၏ ဂဏရက္ခိတဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ၁၃၇၇ -ခုနှစ်မှစ၍ ဝေဠုဝန်နိကာယဂိုဏ်းကြီး၏ ဂဏာဓိပတိ ဆရာတော်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၁၀၄) နှစ်၊ သိက္ခာတော် (၈၄) ဝါ အရ ၁၃၈၅-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ (၃၀-၁၀-၂၀၂၃)၊ တနင်္လာနေ့၊ (၁၇:၅၅) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မြန်မာ့လက်ရွေးစင်တင်းနစ်အသင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလားတင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ

**ရန်ကုန် အောက်တိုဘာ ၃၁**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ဘာရိန်းနိုင်ငံတွင် ကျင်းပခဲ့သော DAVIS CUP (THE WORLD CUP OF TENNIS) ASIA OCEANIA GROUP V (အာရှ ၁၃ နိုင်ငံ) ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် တင်းနစ်အသင်းသည် အုပ်စုပွဲစဉ်တွင် အိမ်ရှင် ဘာရိန်းနိုင်ငံ အသင်းနှင့် ဘူလ်တန် နိုင်ငံအသင်းတို့ကို အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတွင် လာအိုနိုင်ငံအသင်းအား နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရ၍ ဗိုလ်လုပွဲသို့ တက်ရောက်ကာ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလား တင်းနစ်ပြိုင်ပွဲတွင် ASIA OCEANIA GROUP IV မှ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိသွားကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် တင်းနစ်အသင်း နည်းပြအဖြစ် ဦးခင်မောင်ဝင်း (မာဃမင်း တင်းနစ်အကယ်ဒမီ)၊ ကစားသမားများအဖြစ် မြူပိုင်မင်း၊ အောင်မျိုးသန့်၊ ဇော်ဆန်းဦး၊ ဟိန်းထက်ဇော်၊ ဟိန်းလတ်ကျော် တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။



အောင်ပွဲရ မြန်မာ့လက်ရွေးစင် တင်းနစ်အသင်းသည် အောက်တိုဘာ ၂၈ ရက် ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမျိုးသူ၊ ဒုတိယဥက္ကဋ္ဌ (စီမံ) ဒေါက်တာ အောင်ကျော်ဆန်းနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ ကြိုဆိုကြကြောင်း သိရသည်။

**အာကာလင်း**

▼ *ကျောဖုံးမှ*

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရခိုင်ယူနိုက်တက်နှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး အနိုင်ရမှသာ ချန်ပီယံမျှော်လင့်ချက်ဆက်လက်အားကောင်းမည်ဖြစ်သည်။ GFA နှင့် ရောဝတီယူနိုက်တက်အသင်း တွေ့ဆုံသည့်ပွဲမှာ တန်းဆင်းဇုန်အတွက် အရေးပါသည့်ပွဲဖြစ်နေပြီး GFA အသင်း အနိုင်ရပါက တန်းဆင်းဇုန်ကလွတ်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ပြီး အရေးနိမ့်ပါက အခွင့်အရေး လွန်စွာနည်းပါးသွားမည်ဖြစ်သည်။ ထို့ပြင် ကချင်ယူနိုက်တက်နှင့် မြဝတီ၊ ဟံသာဝတီနှင့် မဟာယူနိုက်တက်၊ အား/ကာသိပ္ပံနှင့် ဒဂုံစတားအသင်းတို့၏ တွေ့ဆုံမှုမှာလည်း ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။

ပွဲစဉ် (၁၈) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၄၇ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၄၁ မှတ်၊ ဟံသာဝတီအသင်းက ၃၁ မှတ်၊ အား/ကာ သိပ္ပံအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်း က ရမှတ် ၂၀၊ ရတနာပုံ၊ ဒဂုံစတားနှင့် မြဝတီအသင်းတို့က ၁၉ မှတ်စီ၊ ရောဝတီအသင်းက ၁၈ မှတ်၊ GFA အသင်းက ၁၁ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ် ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ – MNL**

❊ *ကျောဖုံးမှ*

မက်ဆီသည် စံချိန်တင် ဘလွန်းဒီအောဆုကိုမန်စီးတီး တိုက်စစ်ကစားသမားဟာလန်းကို ကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ နော်ဝေတိုက်စစ် ကစားသမားဟာလန်းသည် ပရီမီယာလိဂ် ၃၅ ပွဲတွင် ၃၆ ဂိုးအထိ စံချိန်တင် သွင်းယူနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲအရပ်ရပ်တွင်လည်း ၅၂ ဂိုးအထိ သွင်းယူကာ မန်စီးတီးအသင်းကို ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် အက်ဖ်အေဖလားတို့ကို ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးထားနိုင်သူဖြစ်သည်။

ထို့အပြင် အဆိုပါဆုပေးပွဲ၌ အင်္ဂလန်နှင့် ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ဘဲလင်ဂမ်သည် အသက် ၂၁ နှစ်အောက် ကမ္ဘာ့အကောင်းဆုံး ကိုပါဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ အကောင်းဆုံး ဂိုးသမားဆု (Yashin) ဆုကို အာဂျင်တီးနားဂိုးသမား မာတီနက်ဇ်က ဆွတ်ခူးနိုင်ခဲ့သည်။

စပိန်နှင့် ဘာစီလိုနာ အမျိုးသမီးကွင်းလယ်ကစားသမား ဘွန်မာတီက ချယ်ဆီးနှင့် ဩစတြေးလျ တိုက်စစ်ကစားသမား ဆမ်ကား၊ စပိန်နှင့် ဘာစီလိုနာ တိုက်စစ်ကစားသမား ဆောလ်မာတို့ကို ကျော်ဖြတ်ကာ ပထမဆုံးအကြိမ် အမျိုးသမီး ဘလွန်းဒီအောဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းသည် ဩဂုတ်လ အတွင်းကလည်း ယူအီးအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သူလည်းဖြစ်သည်။

အကောင်းဆုံး ကလပ်အသင်းဆုကို မန်စီးတီးအသင်းက ရရှိခဲ့သည်။

**အောင်ဇော်**


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | – | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | – | မြင့်စိုး |
| **သတင်းထောက်မှူး** | – | ခင်ရတနာ |
| **စာတည်းများ** | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | – | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | – | တင်စိုး |
| **သုတေသန** | – | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | – | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | – | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | – | (၀၀၈၇၇) |



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ – ၁၀ – ၂၀၂၂

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၄၀ ကျပ် | ၂၂၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၅၀ ကျပ် | ၂၄၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၈၀ ကျပ် | ၂၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၉၀ ကျပ် | ၂၂၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က လားရှိုးမြို့တွင် တိမ်းရှောင်နေကြသော ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ငွေနှင့် ဆန်၊ ဆီများလှူဒါန်း



**လားရှိုး အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အနီးပတ်ဝန်းကျင်တွင် ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များကြောင့် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိခိုလှုံနေကြသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေနှင့် ဆန်၊ ဆီများ လှူဒါန်းခြင်းကို ယနေ့ ညနေ ၄ နာရီက သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ပြုလုပ်သည်။

ယာယီတိုက်ပွဲရှောင်များအတွက် ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများကို ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်၊ လားရှိုးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် အဖွဲ့ဝင် များက သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ရှိ ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** ရှမ်းပြည်နယ်အစိုးရအဖွဲ့က သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတိုက်တွင် ရောက်ရှိခိုလှုံနေသော ယာယီတိုက်ပွဲရှောင်များအတွက် အလှူငွေကျပ်သိန်း ၅၀၊ ဆန်အိတ် ၁၀၀၊ ဆီပိဿာ ၁၀၀ တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## တာချီလိတ်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်အချို့ ရေကြီးရေလျှံမှုဖြစ်ပွား

**တာချီလိတ် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်( အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ယမန်နေ့ညက မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့ပေါ်ရှိရပ်ကွက်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ **(အောက်ပုံ)**

အောက်တိုဘာ ၃၀ ရက် ညပိုင်းတွင် မိုးများအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများ ကျဆင်းလာသဖြင့် မယ်ဆိုင်ချောင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းရေကြီးရေလျှံမှုကြောင့် တာချီလိတ်မြို့ မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ပုန်းထွန်၊ တာလော့၊ မကာဟိုခမ်း၊ ဝမ်ကောင်း၊ ဆန်ဆိုင်း(က–ခ)စသည့် ရပ်ကွက်အချို့နှင့် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ရေကြီးရေလျှံမှု ဖြစ်ပွားကာ ယနေ့နံနက် ၉ နာရီခန့်တွင် ရေများတဖြည်းဖြည်း ပြန်လည်ကျဆင်းနေပြီဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၉၆၆ | ၈၅၀၀၈၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၅၂၅၀ | ၁၅၂၄၄၄၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂၅ | ၂၀၀၀၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၀၀၀ | ၁၆၅၀၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၃၅၀ | ၉၁၀၀၀၀ |
| EFR | ၂၁၀၀ | ၂၁၀၀ | ၂၂ | ၄၆၂၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀ | ၄၉၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၅၀ | ၈၇၅၀၀ |

ညီညီ – စုစည်းသည်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6C/3775 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်မင်း ၉/ကပတ(နိုင်) ၀၀၇၉၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်(၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၄၃၄)၊ မြေဧရိယာ (၀ဒသမ၀၄၆)ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးစိုးဝင်းထွန်း ၉/မရတ(နိုင်) ၁၀၃၄၉၀မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၃)၊ဦးပိုင်အမှတ်(၉)/ ၆၁x၆၀.B လမ်းကြား၊ အောင်ဆန်းလမ်းxအနော်ရထာလမ်းကြားရှိ တသလှညွန့် အမည်ပေါက် တောဂရန်မြေကွက်အား ဦးလှညွန့် ၉/ မနမ(နိုင်) ၀၈၈၁၀၆၊ PTI-၀၀၁၇၉၉၏(SPရသူ ဦးစိုးမြင့်)ကလမ်းဖိုး ၂၄၀၀/တင်ပြမှုမရှိသော်လည်း တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၁၈၄/ ၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၈)၊ ဦးပိုင်အမှတ် ၇၂ (ခဲစင်း)၊ ၆၃x၆၄လမ်းကြား၊ သခင်ဖိုးလကြီးလမ်းနှင့် ယောမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဦး ၉/ မနမ(နိုင်)၀၇၄၅၈၈ ၏ (SPရသူ ဦးပြေအေး)က အမည်ပေါက်သူ ဦးခင်မောင်ဦး၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယား မူရင်းတို့မှာ ငှားရမ်း၍မရကြောင်း တင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၁၈၂/၂၀၂၃-၂၀၂၄ဖြင့် ဦးပိုင်ခွဲ/ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**






## ပျောက်ဆုံးကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကျောင်းရွာနေ မောင်အောင်မျိုးသန့်(ဘ)ဦးညဏ်ငယ် ၉/တကန(နိုင်)၂၄၅၀၈၉၏ နိုင်ငံကူးလက်မှတ်အမှတ် ME782165မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၇၇၄၈၆၆၂

## ပျောက်ဆုံးကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကျောင်းရွာနေ မောင်ရှင်းသန့်ညီ (ဘ)ဦးညီညီ ၉/တကန(နိုင်) ၂၅၃၅၂၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် MF-782164 မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၉၂၅၁၉၆၂

## ပျောက်ဆုံးကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ပျော်ရွာ ကျေးရွာနေ မောင်တင်လင်းနိုင် (ဘ) ဦးဘိုရွှေ ၉/တကန(နိုင်)၂၀၀၈၈၈၏ နိုင်ငံကူးလက်မှတ်အမှတ် MC-558143မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၈၆၆၈၂၆

## ပျောက်ဆုံးကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ သဖန်းချောင်းရွာနေ မောင်စိုးသူ (ဘ) ဦးမောင်စိုး ၉/တကန(နိုင်) ၁၉၀၅၉၃၏ နိုင်ငံကူးလက်မှတ်အမှတ် ME-714483 မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၅၂၄၂၀၅

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မဟာအောင်မြေမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ဒေါ်ကြည်ပြာဖြိုးဝေအောင်
မန္တလေးဘဏ်ခွဲ(၂)(၎င်း၏ကိုယ်စား
တာဝန်ပေးအပ်ခံရသူ ဒေါ်ဝင်းဝင်းသန်း)

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ "သဇင်မြင့်စံ" အထည်ဆိုင် ၊ (၃၃) လမ်း၊ (၈၇x၈၈)လမ်းကြား၊ ပုတ္တာန်းလမ်းသွယ်၊ အိမ်အမှတ်(၂၆၈)၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်၊ ချမ်းအေးသာစံမြို့နယ် မူလလိပ်စာပါ သိရှိပြီး ယခုနေရပ်လိပ်စာအား မသိရှိ၍ ငြင်းချက်ထုတ်ဆင့်ရန် အတည်ဖြစ်နိုင်ရေးအတွက် အခြား နည်းဖြစ်သော ဥပဒေပြဋ္ဌာန်းချက်အရ သတင်းစာတွင် တည့်သွင်းကြော်ငြာ၍ တရားပြိုင် ဒေါ်ကြည်ပြာဖြိုးဝေအောင် (ဘ) ဦးအောင်ထွန်း သိစေရမည်။

သင့်အပေါ် တရားလိုက အကြွေးဝယ်ကဒ်မှ ထုတ်ယူသုံးစွဲခဲ့သော ချေးငွေအတိုး ရင်းပေါင်း (၅၉၂၇၀၀၀/-)ကျပ်အပေါ် ငွေဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခု နှစ်၊ နိုဝင်ဘာလ ၂၄ရက် (၁၃၈၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ရက် )မွန်းမတည့်မီ ၁၁နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖူးဝေထက်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ်(၂၈/သုမင်္ဂလာ)၊ ဦးပိုင်အမှတ်(၁၇၉-ဃ)၊ မြေဧရိယာ(၀ဒသမ၁၅၇)ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်မြမြအေး ပါ(၄)ဦး ၉/မမန(နိုင်) ၀၅၆၄၆၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့် စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ နောင်ခမ်းကြီး၊ ကွင်းအမှတ်(၆၇၄)၊ဦးပိုင်အမှတ်(N-၂၄)၊ ဧရိယာ ၁.၉၀ ဧကအနက်မှ အကျယ်အဝန်း(၇၀x၅၀) ပေရှိ မြေနှင့် ယင်းမြေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိဖြူဝင်း (ဘ)ဦးဝင်းမြင့် ၁၂/အစန(နိုင်)၁၈၄၈၀၄ မှ လက်ရှိထားပိုင်ဆိုင်လျက်ရှိသည့်မြေနေရာဖြစ်ပါသည်။ အဆိုပါမြေကို ဒေါ်အိဖြူဝင်းမှ ၂၈-၂-၂၀၁၄ရက်တွင် ဒေါ်ခင်မျိုးမြင့်အောင် ၉/အမရ(နိုင်)၀၁၄၆၃၆ ထံမှ နှစ်ဦးသဘောတူ မြေအရောင်းအဝယ်ကတိစာချုပ်နှင့် နှစ်ဦးသဘောတူ မြေလွှဲပြောင်းခြင်း ကတိစာချုပ်များချုပ်ဆိုကာ ဝယ်ယူလက်ရှိထားသည့်မြေနေရာ ဖြစ်ပါသည်။ ဒေါ်ခင်မျိုးမြင့်အောင်နှင့် ဒေါ်အိဖြူဝင်းတို့ ချုပ်ဆိုခဲ့သော ၂၈-၂-၂၀၁၄ ရက်စွဲပါ အရောင်းအဝယ်စာချုပ်နှင့် အလွှဲအပြောင်းစာချုပ်တို့သည် ဒေါ်အိဖြူဝင်းလက်ဝယ်မှတစ်ဆင့် ပျောက်ဆုံးသွားပါသဖြင့် အဆိုပါစာချုပ်များကို ဒေါ်ခင်မျိုးမြင့်အောင်နှင့် ပြန်လည်ချုပ်ဆိုမည်ဖြစ်ပါသောကြောင့် အထက်ပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူများမရှိပါက ဥပဒေနှင့်အညီ အထက်ပါမြေနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများကို ဒေါ်ခင်မျိုးမြင့်အောင်နှင့် ပြန်လည်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်အိဖြူဝင်း(ဘ)ဦးဝင်းမြင့်** | **ဦးအောင်စန်းဌေး** |
| **၁၂/အစန(နိုင်)၁၈၄၈၀၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၄၀)** |
| **အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း** | **အမှတ်(၂၀၄/ခ)၊ ပြည်တော်သာ (၄)လမ်း** |
| **(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်** | **ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့** |
| **ရန်ကုန်တိုင်းဒေသကြီး** | **ဖုန်း-၀၉- ၄၀၀၃၀၆၀၃၉** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဖဖ-၇)၊ဦးပိုင်အမှတ်(၈၉)/ ၄၈လမ်း၊ မနော်ဟရီလမ်းနှင့် နှင်းဆီလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်စန်းရီ ၉/မနတ(နိုင်)၀၁၆၃၃၁ WMDY- ၃၃၇၅၀၈ ၏(SPရသူ ဒေါ်မြတ်မဥ္ဇူ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၁၇၉/၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၁၁)၊ ဦးပိုင်အမှတ်(၂၁+၂၂)၊ ၂၅x၂၆လမ်းကြား၊ ၉၀x၉၁လမ်းကြားရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဦးညွန့်တင်၊ ဒေါ်ခင်လှိုင်တို့(၂)ဦးအနက်၊ ခင်ပွန်းဖြစ်သူ ဦးညွန့်တင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၇၄/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်လှိုင်ထံမှ၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၇၉ /၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်မျိုးဝင်း ၉/မရမ(နိုင်) ၀၀၃၀၅၈ကအမှုတွဲအမှတ် ၅၁၇၅/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)
## ပြင်ဦးလွင်ခရိုင် တရားရုံးတော်
## ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၁

ဦးနေလင်းအောင် နှင့် ၁။ ဦးနိုင်လင်းထက်
၂။ ဦးမျိုးမင်းပိုင်
၃။ ဦးဇော်ဝမ်း

**တရားလို** **တရားပြိုင်များ**

အမှတ်(၁) တရားပြိုင် ဦးနိုင်လင်းထက် အမှတ်(၃၉၄)၊ သံလျှက်မော် အနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်ဖောက်ဖျက်ခဲ့သည့်အတွက် နစ်နာ ကြေးငွေရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် (၁၃၈၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။

**(အောင်ကျော်ဆန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/36935, KENBO-110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟန်နီထွန်း ၉/သစန(နိုင်)၁၂၉၅၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/99140, Honda Click 125 CC ယာဉ်လက်ဝယ်ရှိသူ Seinwagle Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၁၂၊ ဦးပိုင်အမှတ်(၃၉-က)/၉၁လမ်းxသင်္ဂဇာချောင်းပတ်လမ်းကြား၊ ၂၂x၂၆လမ်းကြားရှိ ဦးကျော်ဌေး အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးကျော်ဌေး၊ မိခင် ဒေါ်ခင်ဝင်းကြည်တို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီး များဖြစ်ကြသော ဒေါ်သူဇာဌေး ၉/မနမ(နိုင်) ၀၉၁၂၉၁၊ ဒေါ်ဥမ္မာဌေး ၉/မနမ(နိုင်) ၀၉၁၂၉၂၊ ဦးညဏ်ဝင်းကျော် ၉/မနမ(နိုင်) ၀၉၁၂၉၃၊ ဒေါ်သိင်္ဂီဌေး ၉/မနတ(နိုင်) ၀၀၃၀၇၄၊ ဦးဟန်ဝင်းကျော် ၉/မနမ(နိုင်) ၀၀၅၀၂၉တို့က ဂရန်စာချုပ်သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၉)၊ဦးပိုင်အမှတ်(၁၂)/၈၄X ၈၅လမ်းကြား၊ RTC တောင်ဘက်အနီးရှိ ဦးမောင်ပု အမည်ပေါက် ဘိုးဘမြေကွက်အား ဦးမောင်ပု၊ ဒေါ်မိ၊ ဦးမုန်း၊ ဒေါ်ရှင်၊ ဦးတင်မောင်၊ ဒေါ်တုတ်မေ တို့ အသီးသီးကွယ်လွန်ကြ၍ ကျန်ရစ်သူများဖြစ်ကြသော ဦးဇော်ဝင်း ၉/ မရတ(နိုင်)၀၄၉၀၀၉၊ ဒေါ်ဝင်းမာ ၉/မရတ(နိုင်)၀၅၀၇၃၂၊ ဒေါ်အေးအေးဝင်း ၉/မရတ(နိုင်)၀၅၀၇၂၁၊ ဦးဝင်းကို ၉/မရတ(နိုင်)၀၅၀၇၂၂ တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၆)၊ စည်သာအရှေ့ရပ်အတွင်းတည်ရှိသော အရှေ့လားသော် ဒေါ်ဝင်းဝင်းရွှေ၏ နေအိမ် ၊ အနောက်လားသော်-လမ်း၊ တောင်လားသော်- ဒေါ်ဝင်းဝင်းရွှေ၏ အိမ်မြေ၊ မြောက်လားသော်- ရေချောင်း၊ နယ်လေးရပ်အတွင်းတွင်တည်ရှိသော မြေဧရိယာ (၅၀x၁၀၀)ပေအကျယ်ရှိ မြေနှင့်မြေပေါ်ပါ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးသန်းထိုက်ဦးထံမှ ဦးဖုန်းအောင်သူမှ လွှဲပြောင်းလက်ခံရယူခဲ့ပါသည်။ အထက်ဖော်ပြပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဇာမွန်သက်ရည် ၉/တတဥ(နိုင်) ၀၇၇၈၈၀က ဝယ်ယူရန် စရန်ငွေအားပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်ရန်ရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ပိုပိုစံ(LL.B,DBL)** | **ဦးရဲသော်ထွန်း(LL.B)** | **ဒေါ်အိဖြူ(LL.B,DBL)** |
| **စဉ်-၁၇၁၃၁** | **စဉ်-၁၇၁၅၈** | **စဉ်-၁၇၁၉၀** |
| **ဖုန်း-၀၉-၇၉၈၈၇၄၄၆၁** | **ဖုန်း-၀၉-၇၇၇၆၇၉၆၈၇** | **ဖုန်း-၀၉-၇၉၂၅၄၃၄၇၉** |

**တရားလွှတ်တော်ရှေ့နေများ**

## Alliance Myanmar
## ITပစ္စည်းများ ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်–Tender/Alliance/2023/PR1001

၁။ မဟာမိတ်မြန်မာမှ HIV/TB ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**OptionA**

| Sr.No | Device | Specification | Total |
|---|---|---|---|
| 1. | Laptop | * CPU Intel Core i5,12 or 13 Gen<br>* RAM 8 GB, DDR 4,3200<br>* Graphic – 2G to 4 G<br>* HDD. 512 GB SSD<br>* Display – 15.6"<br>* Battery-3 Cell(10 to 14 hrs)<br>* Window-–11 pro<br>* Port-–HDMI 1, USB 2<br>Warranty – 3 years | 12 Pcs |
| 2. | Laptop | * CPU–Intel Core i5,12 or 13 Gen<br>* RAM–8GB, DDR 4,3200<br>* Graphic – 2G to 4 G<br>* HDD. 512 GB SSD<br>* Display – 14"<br>* Battery-3 Cell (10 to14hs)<br>* Window-–11 pro<br>* Port – –HDMI 1, USB 2<br>Warranty–3 years | 21 Pcs |
| 3. | Printer | 3 in 1, 600 dpi, Laser Printer | 13 pcs |
| 4. | External Hard Drive | 4 TB | 21pcs |

**OptionB**

| Sr.No | Device | Specification | Total |
|---|---|---|---|
| 1. | Laptop | * CPU – Intel Core i5,12 or 13 Gen<br>* RAM – 8 GB, DDR 4,3200<br>* Graphic – 2G to 4 G<br>* HDD. 512 GB SSD<br>* Display – 14"<br>* Battery – 3 Cell (10 to 14 hrs)<br>* Window- –11 pro<br>* Port – –HDMI 1, USB 2<br>* Warranty – 3 years | 33 pcs |
| 2. | Printer | 3 in 1, 600 dpi, Laser Printer | 13 pcs |
| 3. | External Hard Drive | 4 TB | 21 pcs |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်–

(က) တင်ဒါတင်သွင်းသူသည် Option A တစ်မျိုးတည်းဖြစ်စေ၊ Option B တစ်မျိုးတည်းဖြစ်စေ၊ နှစ်မျိုးစလုံးဖြစ်စေ တင်သွင်းနိုင်ပါသည်။

(ခ) တင်ဒါလျှောက်လွှာယူရန်နှင့်တင်သွင်းရန် ၁–၁၁–၂၀၂၃ ရက်မှ ၁၀–၁၁–၂၀၂၃ရက် (ရုံးချိန်အတွင်း နံနက်၉နာရီ မှ ညနေ ၄နာရီအထိ)

**မဟာမိတ်မြန်မာ**
**ခြံအမှတ်၂၄၊ ၂လမ်း၊ လှိုင်ရတနာမွန်အိမ်ရာဝင်း**
**အုတ်ကျင်းမှတ်တိုင်အနီး၊ အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်**
**ဖုန်း–၀၁– ၅၀၀၆၁၉၊ ၀၉– ၇၉၉၈၉၆၉၁၆**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၅ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်အမှတ် (၁၁၇/၁၁၉)B၊ အခန်းအမှတ် (၃၀၂)၊ တတိယထပ်(၄လွှာ)၊ ယာခန်း(ခေါင်းရင်းခန်း)၊ ပေ(၁၅x၅၀)အတိုင်းအတာရှိ တိုက်ခန်းကို ဒေါ်စန္ဒာအောင် ၉/ပမန(နိုင်)၀၂၅၈၆၂ ထံမှ ယခုရောင်းသူတို့က ၃–၁–၂၀၁၈ ရက်စွဲပါ အခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူပိုင်ဆိုင် လက်ရှိနေထိုင်လာခဲ့ရာ ပိုင်ရှင်သည် မိမိပိုင်အခန်းကိုလွှဲပြောင်းရောင်းချရန်အခွင့်အရေးရှိသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေဝယ်သူနှင့် ဈေးနှုန်းညှိနှိုင်းသင့်မြတ်ကြ၍ ဝယ်သူက တန်ဖိုး၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ ဤအခန်းအပေါ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူတို့က ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မိမိတို့အားကိုးအားထားပြုမည့် စာချုပ်စာတမ်း၊ အမိန့်ဒီကရီနှင့် အထောက်အထားမူရင်းတို့ကို ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **ဒေါ်ခင်သိန်း** | **ဒေါ်ယမင်းရွှေစင်** | **ဦးထွန်းဝင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၈၂၈၁)** | **(စဉ်–၅၄၉၁၉)** | **(စဉ်–၆၄၀၉)** |
| **ဖုန်း–၀၉–၄၂၄၃၃၄၈၄၀** | **ဖုန်း–၀၉–၂၆၁၃၃၁၀၀၁** | **ဖုန်း–၀၉–၄၀၀၉၂၇၂၂၀၊ ၀၉–၄၃၀၅၇၅၇၆** |

**အမှတ်(၁၀၆)၊ ဒုတိယထပ်(ဝဲ)၊ ၁၀၁ လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၆၆၉)၊ (၆/၂)ရှိ မြေအကျယ်အဝန်း ပေ(၄၀x၆၀)အနက်မှ ခေါင်းရင်းခြမ်း ပေ(၁၃ x ၆၀)နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား ဦးဝင်းအောင် ၁၂/လကန(နိုင်)၁၉၄၂၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ခိုင်ဦး(စဉ်–၈၇၇၁) တရားလွှတ်တော်ရှေ့နေ**
**အင်းစိန်စုပေါင်းရုံးဝင်း။**
**ဖုန်း–၀၉–၂၅၈၃၀၈၂၃၄**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/52070 Honda pcx 150 ယာဉ်လက်ဝယ်ရှိသူ ဦးခင်အောင် ၁၄/ဟသတ(နိုင်) ၀၀၂၈၂၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ငြိငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)
## ရွှေဘိုခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၅

| | |
|---|---|
| မြန်မာ့စီးပွားရေးဘဏ်၊ ရွှေဘိုမြို့ **နှင့်** | ၁။ ဦးဝင်းညွန့် |
| (၎င်းကိုယ်စား) | ၂။ ဦးညွန့်စိန် |
| ဒေါ်နေခြည်ဝင်း၊ ခရိုင်မန်နေဂျာ | ၃။ ဒေါ်ဖြူဖြူလှိုင် |
| မြန်မာ့စီးပွားရေးဘဏ်၊ ရွှေဘိုမြို့ | |
| **တရားလို** | **တရားပြိုင်များ** |

"ဝင်းရတနာ"ဆန်စက်လုပ်ငန်း၊ သီးလုံးကျေးရွာ၊ ရွှေဘိုမြို့နယ်နေသူများဖြစ်ကြသည့် အမှတ်(၁) တရားပြိုင် ဦးဝင်းညွန့် (ဘ) ဦးမိုး၊ အမှတ်(၂) တရားပြိုင် ဦးညွန့်စိန် (ဘ) ဦးမိုးနှင့် အမှတ်(၃) တရားပြိုင် ဒေါ်ဖြူဖြူလှိုင် (ဘ) ဦးဘဦး (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာ့စီးပွားရေးဘဏ်၊ ရွှေဘိုမြို့က ဘဏ်ချေးငွေနှင့် အတိုးကျပ် ၁၀၉၉၈၈၇၀၈.၅၉ အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်မင်းစိုး)**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## ငြိငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)
## ရွှေဘိုခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၃

| | |
|---|---|
| မြန်မာ့စီးပွားရေးဘဏ်၊ ရွှေဘိုမြို့ **နှင့်** | ၁။ ဒေါ်နွယ်နွယ်အေး |
| (ကိုယ်စား) | ၂။ ဦးခင်ထွန်းကျော် |
| (ဒေါ်နေခြည်ဝင်း၊ ခရိုင်မန်နေဂျာ) | |
| **တရားလို** | **တရားပြိုင်များ** |

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ တပ်မြို့တောင်ရပ်၊ အမှတ်(၁၀)ရပ်ကွက်နေ (ဘ) ဦးငြိမ်း၏သမီးဖြစ်သူ (၁) တရားပြိုင် ဒေါ်နွယ်နွယ်အေးနှင့်(ဘ) ဦးမြင့်ဆောင်၏သားဖြစ်သူ (၂) တရားပြိုင် ဦးခင်ထွန်းကျော် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာ့စီးပွားရေးဘဏ်၊ ရွှေဘိုမြို့(ကိုယ်စား) ဒေါ်နေခြည်ဝင်း ခရိုင်မန်နေဂျာက "ဘဏ်ချေးငွေအရင်းနှင့်အတိုးငွေကျပ် ၃၁,၆၂၀,၉၉၄/၇၃ အပေါင်ဒီကရီရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများ၊ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သူအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရွှေဘိုခရိုင်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/6393 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/1579 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

**သင့်ကြောင့်မီးမလောင်ပါစေနှင့်**

## ကုမ္ပဏီ အမျိုးအစားပြောင်းလဲခြင်း

Goodwill Leader Company Limited ( Company Registration No,:100277603) သည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ Section 85(a)အရ၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက် ရက်စွဲပါကုမ္ပဏီ၏ အထူးအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် (Special Resolution) အရ ကုမ္ပဏီအား "အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ"အဖြစ်မှ "အစုရှယ်ယာများဖြင့်ပေးရန် တာဝန်ကန့်သတ်ထားသောအများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ"သို့ ပြောင်းလဲရန် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇၊ Section 85(b)အရ ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်းအား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်ထုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်း အတွဲ(၇၆)၊ အမှတ်(၄၃)တွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဌေးလွင်**
**၁၂/သဃက(နိုင်)၀၂၄၁၂၅**
